ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့၊ (28-7-2008)(၅၇၅၃)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးပရိသတ်များ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်၊ သီလရှင် စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ဆွမ်းဆန်တော်၊ဆီ၊ဆား၊ဆေး၊ပဲနှင့် ဆွမ်းပဒေသာ ပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင်စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၂တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အဆိုပါ အခမ်းအနားသို့ ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၂တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ၊ သီလရှင်စာသင်တိုက် နှစ်တိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့သို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေပေးအပ်

နေပြည်တော် ဇူလိုင် ၂၇

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၁၄ကျောင်း၊ သီလရှင်ကျောင်းသုံးကျောင်းနှင့် ဘိုးဘွားရိပ်သာတစ်ဌာနတို့အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော်ပျဉ်းမနား ရွာကောက်ရပ်ကွက်ရှိ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက်၌ ကျင်းပရာ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာနနာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အလှူရှင်များ၊ စေတနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဇနီး ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✻

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် နေပြည်တော် ပျဉ်းမနား မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းနှင့် ဘိုးဘွားရိပ်သာ တစ်ဌာနတို့အတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲ တွင် အလှူရှင်များထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၂၈-၇-၂၀၀၈
(တနင်္လာနေ့)

တစ်ကိုယ်ရေကျန်းမာမှု အစဉ်ရှေးရှု
အသည်းရောင် အသားဝါရောဂါ ကြိုတင်ကာကွယ်

ကျန်းမာရေးလုပ်ငန်းများသည် ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာသန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိသုံးစွဲရေးလုပ်ငန်းများတွင် လူတိုင်း ပါဝင်လှုပ်ရှားဆောင်ရွက်ကြရမည့်အပြင် ကျန်းမာရေး သတိပေးနှိုးဆော်ချက်များကိုလည်း လိုက်နာကြရမည်ဖြစ်သည်။

ကြိုတင်ကာကွယ်သတိပြုရမည့် ရောဂါတစ်ခုမှာ အသည်းရောင် အသားဝါရောဂါဖြစ်သည်။ ဗိုင်းရပ်စ်ပိုး (Hapatitis A.B.C.D.E.G) တို့ကြောင့် ဖြစ်နိုင်ပြီး အရက်သောက်သုံးခြင်း၊ ဝမ်းကိုက်ပိုးနှင့် အခြားအကြောင်းများကြောင့်လည်း ဖြစ်တတ်ကြောင်းသိရသည်။

ယင်းတို့အနက် ကြွက်မှတစ်ဆင့် လူသို့ ကူးစက်တတ်သော အသည်းရောင်အသားဝါရောဂါသည် ကြွက်နှင့် တကွ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးနှင့် တောရိုင်းတိရစ္ဆာန်များ၏ ကျင်ငယ်ရည်သည် အစားအသောက်၊ သောက်သုံးရေ၊ မြေကြီးတို့မှတစ်ဆင့် ထိတွေ့မိသူများကို ကူးစက်ဖြစ်ပွားစေသည်။ အထူးသဖြင့် ရေလွှမ်းမိုးခြင်းခံရသည့် ပတ်ဝန်းကျင်သန့်ရှင်းမှုအားနည်းသော၊ သောက်သုံးရေကောင်းရေသန့် ရရှိရန်ခက်ခဲသော ဒေသများတွင် ကူးစက်ပျံ့နှံ့ဖြစ်ပွားတတ်သည်။

အဆိုပါရောဂါဖြစ်ပွားလျှင် ဖျားခြင်း၊ ပြင်းထန်စွာခေါင်းကိုက်ခြင်း၊ ကြွက်သားများကိုက်ခဲနာကျင်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးနီရဲရောင်ရမ်းခြင်းနှင့် ဗိုက်အောင့်ခြင်းများဖြစ်ပေါ်နိုင်သည်။ အချိန်မီကုသမှုမပြုပါက ကျောက်ကပ် ပျက်စီးခြင်း၊ ဦးနှောက်အမြှေးရောင်ခြင်းနှင့် အသည်းပျက်စီးခြင်းတို့ဖြစ်ပွားပြီး အသက်အန္တရာယ် ကျရောက်နိုင်ကြောင်း သိရသည်။

ကြွက်၊ ကျွဲ၊ နွား၊ ဝက်၊ မြင်း၊ ခွေးတို့၏ ကျင်ငယ်ရည်များနှင့် အစားအသောက်နှင့် သောက်သုံးရေတို့ထိတွေ့စေမှုကြောင့် အသည်းရောင် အသားဝါရောဂါမဖြစ်ပွားစေရန် ရေကိုကျိုချက်သောက်သုံးကြပြီး အစားအသောက် ပြင်ဆင်ချက်ပြုတ်ရာ နေရာများကိုလည်း သန့်ရှင်းစွာ ထားရှိကြရမည်ဖြစ်သည်။ ထို့အပြင် အစားအသောက်နှင့် ပန်းကန်ခွက်ယောက်များကို ဖုံးအုပ်ထားပြီးကြွက်နှိမ်နင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရမည် ဖြစ်သည်။

သို့ဖြစ်၍ လူတိုင်းလူတိုင်းက တစ်ကိုယ်ရေသန့်ရှင်းရေး အလေးထားပြီး လက်ကို ဆပ်ပြာဖြင့်စင်ကြယ်စွာဆေး ခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျစွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းခြင်းနှင့် ကျန်းမာရေးဆိုင်ရာသတိပေးနှိုးဆော်ချက်များကို လိုက်နာဆောင်ရွက်ခြင်းတို့ဖြင့် အသည်းရောင်အသားဝါရောဂါအပါအဝင် အခြားကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ကြမည်ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် နှစ်ဖက်သော ဘိုးဘွားများအား ရည်စူး၍ မယ်တော်ကြီးဒေါ်ရှုလွှမ်၊ သမီးဒေါ်တင်တင်အေး၊ ဒေါ်မြမြသန်း(လမ်းမတော်မြို့နယ်)က ငွေကျပ်လေးသိန်းတစ်သောင်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော်ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်းတို့အား အမှူးထား၍ သာသနာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ရက် နံနက် ၅ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကဝိသာရနှင့်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား မဟာဇေယျ ပါဠိတက္ကသိုလ်ကျောင်းတိုက်ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ပင့်သံဃာတော်များကြွရောက်တော်မူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဇနီး၊ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓရုပ်ပွားတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်လျှ ပူဇော်ပြီး ဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက်နိုင်ငံတော်ဩဝါဒါစရိယ နေပြည်တော်ပျဉ်းမနားမဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြရာဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့ကနာယူကြည်ညိုကြသည်။

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ဝန်ကြီးနှင့်ဇနီး၊ဒုတိယဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်ဇနီး ဒေါ်အေးအေးထွန်းတို့ သာသနာရေး ဝန်ကြီးဌာန ဝန်ထမ်း မိသားစုများ၏ ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများကို ဆက်လက်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၂၅ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန (ရုံးချုပ်)ရှိ အလှူငွေပစ္စည်းများ လက်ခံရေးနှင့် ကြီးကြပ်ရေးအဖွဲ့သို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Youssef K. Botros Hanna က အမေရိကန်ဒေါ်လာ၂၀၀၀ တန်ဖိုးရှိ ဆီပီသာ ၂၀၀နှင့် ဆန်အိတ်၅၀၊ မရမ်းကုန်းမြို့နယ် ရှစ်မိုင်၊ ဗိုလ်စောအောင်လမ်းနေ ဦးဝင်းတင်-ဒေါ်အေးငြိမ်း၊ သမီး မဇွန်သစ်ဝင်း (Richest Jems Co., Ltd)တို့က လူနေအိမ် နှစ်လုံးအတွက် ငွေကျပ် ၁၂ သိန်းတို့ကို လာရောက် ပေးအပ်လှူဒါန်းသည်။

ပြောကြား

ထို့နောက်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ လေဘေးသင့် ပြည်သူများအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီဂျစ်အာရပ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Youssef K. Botros Hanna က အမေရိကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ ဆီပီသာ ၂၀၀ နှင့် ဆန်အိတ် ၅၀ တို့ကို ပေးအပ်လှူဒါန်းစဉ်။ (လူမှုဝန်ထမ်း)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကျောင်းအမကြီး ဖွားပုံ ဒေါ်မြနွယ်အားရည်စူး၍ သုဝဏ္ဏ ၂၉ ရပ်ကွက် တောင်ထိပ်ပန်းလမ်းနေ သမီး ဒေါ်သင်းလှဲ့ထွေးနှင့် ခုနစ်ရက်သား၊သမီး ဓမ္မမိတ်ဆွေများက ငွေကျပ် ၃၀၂၀၀၀ကို စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တ(ပဲခူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။(က-ပ)

စင်ကာပူ သမ္မတနိုင်ငံမှ ဆရာတော် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးအား တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူ သမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် မဟာကရုဏာ ဗုဒ္ဓဘာသာ အသင်းမှ ဆရာတော် ဒေါက်တာ ဂုဏရတနာ လာရောက်တွေ့ဆုံစဉ်။ (သစ်တော)

နေပြည်တော် ဇူလိုင် ၂၇

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်အား စင်ကာပူ သမ္မတနိုင်ငံ သီရိလင်္ကာရ ရာမကျောင်းတိုက်တွင် သီတင်းသုံးတော်မူသည့် မဟာကရုဏာဗုဒ္ဓဘာသာအသင်းမှ ဆရာတော် ဒေါက်တာ ဂုဏရတနာသည် ဇူလိုင် ၂၄ ရက်တွင် ဘိုကလေးမြို့ လေဘေးသင့်ပြည်သူများအား လှူဒါန်းရန်အတွက် နေပြည်တော်ရှိ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သစ်တောရေးရာဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စင်ကာပူသမ္မတနိုင်ငံ ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍ၌ ဇီဝမြေဩဇာ၏ အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များဆိုင်ရာ ဟောပြောပွဲတွင် စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာ စိန်မြင့်နှင့်ဇနီး ဒေါ်မြတ်သန္တာတို့က လေဘေးသင့် ဒေသအတွင်း လူနေအိမ်သုံးလုံး ဆောက်လုပ်ရန်အတွက် အလှူ ငွေကျပ် ၁၈သိန်းကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ ဦးဆောင်မှုဖြင့် စူပရင်းကုမ္ပဏီများအုပ်စုက ပူးပေါင်းစီစဉ်သည့် စိုက်ပျိုးရေးကဏ္ဍ၌ ဇီဝမြေဩဇာ၏ အကျိုးပြုပုံနှင့် ထူးခြားမှုဖြစ်စဉ်များဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံးရှိ အသင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာ စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ သုတေသီများ၊ ကုမ္ပဏီများမှ ဖိတ်ကြားထားသူများ၊ စာနယ်ဇင်း အသီးသီးတို့မှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာစိန်မြင့်နှင့်ဇနီး ဒေါ်မြတ်သန္တာတို့က လေဘေးသင့် ဒေသအတွင်း လူနေအိမ် သုံးလုံး ဆောက်လုပ်ရန်အတွက် လှူဒါန်းငွေကျပ် ၁၈ သိန်းကို အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်ထံ ပေးအပ်ကြသည်။

ယင်းနောက် ဟောပြောပွဲကို ကျင်းပရာ သဘာပတိအဖြစ် ဒေါက်တာ ဝင်းတင်ကဆောင်ရွက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေဆီလွှာကျွမ်းကျင်ပညာရှင် ဒေါက်တာ ကြည်မြင့်က ဇီဝမြေဩဇာ အသုံးပြုရန် လိုအပ်လာပုံနှင့် စိုက်ပျိုးရေးလုပ်ငန်း၌ ဇီဝမြေဩဇာ၏ အခန်းကဏ္ဍများကိုလည်းကောင်း၊ စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌနှင့် အာဆီယံအင်ဂျင်နီယာနှင့် နည်းပညာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာ စိန်မြင့်က ဘိုင်အိုစူပရင်း ဇီဝမြေဩဇာထုတ်လုပ်ရခြင်း ရည်ရွယ်ချက်နှင့် ထုတ်လုပ်မှု အရည်အသွေး ထိန်းသိမ်းမှုနည်းစဉ်များကို လည်းကောင်း၊ စူပရင်းကုမ္ပဏီများအုပ်စု အကြံပေးပုဂ္ဂိုလ်(စိုက်ပျိုးရေး) ဦးစိုးမြင့်က ဘိုင်အိုစူပရင်း ဇီဝမြေဩဇာ သုံးစွဲနည်းများနှင့် ရလဒ်ကောင်းများကို လည်းကောင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်က မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးရေး၌ ဇီဝမြေဩဇာ၏ အခန်းကဏ္ဍနှင့် ရှေ့ဆက် အလားအလာကောင်းများကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်ခင်မောင် (ဒုတိယဝန်ကြီး အငြိမ်းစား)က မြန်မာနိုင်ငံနှင့် ဇီဝပိုးသတ်ဆေးများ အလားအလာကိုလည်းကောင်း၊ ရွှေနဂါးဦးတင်ဝင်းက ရဲယိုပင်စိုက်ပျိုးသူများ ဘိုင်အိုစူပရင်း အသုံးပြုလျှင် သန်းကြွယ်သူဌေးဖြစ်နိုင်ပြီကိုလည်းကောင်း အသီးသီး ဟောပြောကြပြီး သိရှိလိုသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြပြီး စူပရင်းကုမ္ပဏီများအုပ်စု ဥက္ကဋ္ဌ ဒေါက်တာ စိန်မြင့်က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

(၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျ ကိုးထပ်ကြီးဘုရားကြီးတွင် သီးသန့်ထရန်စဖော်မာ စီမံကိန်းအတွက် အလှူရှင် လှိုင်မြို့နယ် ဘုရင့်နောင် မြနန္ဒာလမ်း မြကန်သာ အိမ်ရာနေဦးခင်မောင်ဇော်၊ဒေါ်အေးအေးမင်း၊ သားမောင်လပြည့် မိသားစုတို့က အလှူငွေကျပ်ကိုးသိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ လက်ခံယူစဉ်။ (ဝ၄)

သုဝဏ္ဏ မီးဒုံးလမ်းသွယ်-၃ (၂၉)ရပ်ကွက်နေ ဟိတေသီအဖွဲ့ ဒု-ဥက္ကဋ္ဌ(၁) ဦးလှမောင်-ဒေါ်နှင်းရွှေနှင့် သား၊သမီး၊မြေးများက မိဘဘိုးဘွားများနှင့် ဒေါ်သင်းလှိုင်(သမီး)၊ ဒေါ်ပြုံးကြည်တို့အား ရည်စူး၍ ဟိတေသီအဖွဲ့၏ နှစ်ထပ်ခန်းမဆောင် ဆောက်လုပ်ရန် ငွေကျပ် တစ်သိန်းလှူဒါန်းရာ အဖွဲ့ ဥက္ကဋ္ဌ ဦးကျော် လက်ခံယူစဉ်။ (က-ပ)

လက်ခံရယူ

ဦးကျင်စိန် (အကနည်းပြချုပ်-ယဉ်ကျေးမှုဌာန)၊တူမ ဒေါ်သန်းငြိမ်းတို့အား ရည်စူး၍ ဗဟန်းမြို့နယ် နီလာလမ်း ကျိုက္ကဆံ ရပ်ကွက်နေ ဦးမြင့်အေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခင်ငြိမ်း လက်ခံယူစဉ်။ (က-ပ)

❍ ရွှေဖုံးမှ

ရှေးဦးစွာ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပိဋကတ်သုံးပုံ နိကာယ် စာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ် ဝတ္ထု ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူ များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော်နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ က လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲတို့ကို တိုင်းမှူးက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ မြန်မာနိုင်ငံ ရေထွက် ပစ္စည်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်း ကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၂၄၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၂၄၀၀၀၀၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးက ငွေကျပ်တစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် လေးသိန်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အုတ်လုပ်ငန်းရှင်များက ငွေကျပ် သိန်း ၂၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁)၊ စက်မှုဇုန်(၂)နှင့် စက်မှုဇုန်(၃)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စက်မှုဇုန်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ် စက်မှုဇုန်တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးစိုးထွန်းရှိန် (အမျိုးသားကြီးပွား တိုးတက်ရေး ကုမ္ပဏီလီမိတက်)၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့ သီတဂူ ဦးနိုင်ဦး - သီရိသုဓမ္မသိင်္ဂီသီတဂူ ဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)၊ ဦးခင်ဇော်-သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ဆွေဦး (ကျားကိုးကောင်)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် စီးပွားရေးဖွံ့ဖြိုးမှုဇုန်နှင့် ဒေါက်တာဇော်ထွန်း (ပင်လုံ ဆေးရုံ)တို့က ငွေကျပ်ငါးသိန်းစီ၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဆီလုပ်ငန်းရှင်များနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဆန်၊ဆီ ကုန်သည်ကြီးများအသင်းတို့က ငွေကျပ် သုံးသိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ)က ငွေကျပ် ၂၄၀၀၀၀၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ ဒေါ်တင်သန်း(ရွှေမျိုးစုမိသားစု) က ငွေကျပ် ၂၂၀၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ (သမ္မတ သင်္ကန်းတိုက်)၊ ဒဂုံ မြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးရွှေတိုးမိသားစု (မိဘဂုဏ်ရှိန် သစ်စက်)နှင့် ဒေါက်တာခင်မောင်ထွန်း (ထက်လင်းတိုင်းရင်း ဆေးဝါး)တို့က ငွေကျပ်နှစ်သိန်းစီ၊ ကွယ်လွန်သူ ဦးအေးအားရည်စူး၍ ဒေါ်ခင်စု(မန္တလေးမိသားစု)၊ ဦးအောင်ဆု (ဗိုလ်တထောင်စေတီ ဂေါပကအဖွဲ့ဝင်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး(ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဆန်ကုန်သည်ကြီးများအသင်း၊ ဦးမောင်မောင်သိန်း (ငါးပိ၊ ငါးခြောက်ဇုန်) (ဇုန် ၁၊၂၊၃)၊ ဒဂုံမြို့သစ် (မြောက် ပိုင်း)မြို့နယ်မှ ဦးအောင်သိန်း(ရောဝဏ်သစ်စက်)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မှ ဒေါ်မြင့်မြင့်အုန်းမိသားစု ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ ဆီကုန်သည် အသင်း၊ ဆန်ကုန်သည်အသင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးလှမြင့်၊ ဦးကြည်စိုး-ဒေါ်ဌေးဌေးရီ (ကေသီပန်တိုင်းရင်းဆေး)တို့က ငွေကျပ် ၁၃၀၀၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူငွေစုစုပေါင်း ငွေကျပ် ၁၄၁၇၇၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ကြသည်။

ယင်းနောက် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ဆင့်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူ ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက်နှင့် သီလရှင်စာသင်တိုက်များသို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန် တော် ၂၈၂ အိတ်နှင့် ကိုးပြည်၊ ဆီ ၁၈၃ပိဿာ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆား ပိဿာ ၃၈၀၀၊ ပဲ ၁၂ အိတ်နှင့် ၇ ပိဿာ၊ သွားတိုက်ဆားဘူး ၃၇၈ ဘူး၊ တိုင်းရင်းဆေးမျိုးစုံ ၁၇၅၀၊ ငရုတ်သီးမှုန့် အထုပ် ၁၀၀၀၊ စတုမဓုဆေးဘူး ၃၀၀ နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၁၇၇၀၀၀ တို့ဖြစ်သည်။

အလားတူ ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်နှင့် နှင်းဆီကုန်းဘိုးဘွားရိပ်သာတို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ နှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ညနေ ၃ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင်ဒဂုံမြို့သစ် လေးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီး စာသင်တိုက် ၂၂ တိုက်နှင့် သီလရှင်စာသင်တိုက် နှစ်တိုက်တို့သို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ် လှူဒါန်းပွဲတွင် အလှူရှင် တစ်ဦး ထံမှ အလှူငွေများ လက်ခံစဉ်။ (သတင်းစဉ်)

မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်း သည်။

အခမ်းအနားသို့ ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက် ၂၇ တိုက်တို့မှ ပဓာနနာယက ဆရာတော်ကြီးများ၊ သီလရှင်စာသင်တိုက် ခုနစ်တိုက်တို့မှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေး၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် စေတနာရှင်အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်၊ လှရတနာကျောင်းဆရာတော် ပထမကျော် အဂ္ဂမဟာကျော် ဝိနယပါဠိပါရဂူ (သ-စ-အ)၊ ဓမ္မာစရိယ ဘဒ္ဒန္တ နာရဒါဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ နှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဗဟန်းမြို့နယ် ပါဠိ တက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း ဆရာတော်အား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ဆရာ တော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ပဲတို့ကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစု များကိုယ်စား တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိကြီး သုံးဦးတို့က ဆရာတော် နှင့် သီလရှင်ဆရာကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းနှင့် အလှူရှင်များလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို အလှူရှင်များက ဆရာတော်ထံ ဆက်ကပ်လှူဒါန်း ကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း ကြရာ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုက ငွေကျပ် ၃၅၀၀၀၀၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၃၅၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီတို့က ငွေကျပ် နှစ်သိန်း၊ ဦးတင့်လွင်-ဒေါ်ကျင်စွမ်မိသားစု (Lwin and Swam Co.,Ltd) နှင့် ဦးအောင်မြင့် - ဒေါ်ခင်အုန်းမြင့် (ရွှေတောင်ကြား ရပ်ကွက်)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးရဲအောင် (လူမှုထူးချွန်တတိယဆင့်)- သီရိသုဓမ္မသိင်္ဂီဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ)က ငွေကျပ် ၅၀၃၀၀၀၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး-သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း၊ ဦးမြင့်သိန်း (Western Park Royal Restaurant)၊ ဦးစိုင်း မောင်မောင်မြင့် (Sky Lion Co., Ltd.) - ဒေါ်ခင်မင်းမင်းစိုး (Banner Store) နှင့် ဦးစိုးထွန်းရှိန် (အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်) တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးမျိုးအောင်-ဒေါ်ခင်ရည်မွန် (ဆန်းမြန်မာကုမ္ပဏီ) က ငွေကျပ် ၃၅၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေး)က ငွေကျပ် ၃၀၇၀၀၀၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်မေသန်းနွယ် (သိင်္ဂီရွှေရည် ခေတ်ပုံတိုက်)၊ ဦးချစ်ခိုင် (ဧဒင်အုပ်စုကုမ္ပဏီလီမိတက်)၊ သင်္ကေတ စားသောက်ဆိုင်နှင့် အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်အေးမြတ်နွယ် (ပုဂံဟိုတယ်မိသားစု)တို့က ငွေကျပ် သုံးသိန်းစီ၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရ ဦးသန်းနိုင်- အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်ကြည်ကြည်ဆွေ၊ ဦးအောင်သန်းမြင့်-ဒေါ်စန်း စန်းမြင့် (Super Power Co., Ltd.)၊ သမားတော်ကြီး ဦးကျော်စိန်-ဒေါ်နန်း ခမ်းဆာ (ဖြူစင်မေတ္တာဆေးတိုက်)၊ သုဓမ္မမဏိဇောတဓရ ဦးမောင်မောင် (ဂရိတ်ဝေါတိုင်းရင်းဆေး)၊ ဦးခင်မောင်ဇော်-ဒေါ်လဲ့လဲ့အောင် (Good Top ဆောက်လုပ်ရေး)နှင့် သီရိသုဓမ္မ မဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးဘခန့်- ဒေါ်ခင်ရွှေတို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးအောင်ဇော်မြင့်-အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါက်တာမြတ်မြတ်အုန်းခင် မိသားစုက ငွေကျပ် ၂၀၅၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ အမျိုးသမီးငယ်ရွယ်အဖွဲ့ခွဲ တာဝန်ခံ ဒေါ်သန်းနုမိသားစုက ငွေကျပ် ၁၅၅၀၀၀၊ ဦးသန်းမောင်-ဒေါ်ငွေကြည် (ချမ်းမြေ့စတိုး)က ငွေကျပ် ၁၁၇၀၀၀၊ ဦးမြသောင်း (Jewel Hotel)၊ အဂ္ဂမဟာ သီရိသုဓမ္မ မဏိဇောတဓရဦးစံငြိမ်း (ဒါရိုက်တာ ရွှေဂုံတိုင် အထူးကု ဆေးခန်း)၊ ဦးသက်နိုင်-ဒေါ်စုစုတင် မိသားစု၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု၊ သား ခန့်စည်သူ (ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်)၊ ဒေါ်သန်းသန်းအေး (ရွှေကောင်းဟော့ပေါ့)၊ ဦးလှဝင်းအောင်မိသားစု၊ ဦးမောင်မောင်မိသားစု (She Shines Jewellery)၊ ဦးစိုးညွန့်မိသားစု (တော်ဝင်နှင်းဆီ)၊ ဗဟန်းမြို့နယ် စေတနာရှင်ပြည်သူများ၊ ဦးခင်လှိုင်-ဒေါ်ခင်ဆွေဝင်း (ဇောတိကသင်္ကန်းတိုက်)၊ ဦးထွန်းမြင့်-ဒေါ်စန်းစန်းဦး (မဥ္ဇူထွန်းမြင့်ကုမ္ပဏီ၊ ဘုတ်ဆုံမ ငရုတ်သီးမှုန့်)၊ သီဟသုဓမ္မ မဏိဇောတဓရ ဦးစိုးသိန်း-ဒေါ်ယဉ်ယဉ်နု (မြတ်မွန် ရတနာ သင်္ကန်းတိုက်)နှင့် ကွယ်လွန်သူ ဗိုလ်မှူးသန်းမောင်ရှိန်အား ရည်စူး၍ ဇနီး ဒေါ်ခင်မျိုးသူ မိသားစုတို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် စေတနာရှင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၉၈၈၇၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တပ်မတော် အရာရှိများနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်က ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် လှရတနာကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင် များနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗဟန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များနှင့် သီလရှင် စာသင်တိုက်၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာတို့သို့ ယနေ့လှူဒါန်းသည့် လှူဒါန်းမှု အစုစုမှာ ဆွမ်းဆန်တော် ၅၃၁ အိတ်နှင့် ၁၂ ပြည်၊ ဆီ ၃၇၆ ပိဿာ ၄၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၃၇၆၄ ပိဿာ၊ သွားတိုက်ဆား ၇၃၅ ဘူး၊ တိုင်းရင်းဆေးမျိုးစုံဘူး ၇၀၀၀၊ ပဲ ၂၅ အိတ်နှင့် ဆွမ်းပဒေသာပင် အလှူငွေ ကျပ် ၉၈၈၇၀၀၀ တို့ဖြစ်သည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါးဆန့်ကျင်ရေး ပညာပေးလက်ထိုးရုပ်ပြ

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)က ကြီးမှူး၍ အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ် ပညာရေးမှူး၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းတို့၏ ပံ့ပိုးကူညီ မှုဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို) အလုပ်အမှုဆောင် ဦးသာထွန်း ဦးဆောင်သည့် မူးယစ် ဆေးဝါးဆန့်ကျင်ရေး ပညာပေး လက်ထိုးရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက အင်းစိန် အထက(၃) ကျောင်းခန်းမ၌ ကျင်းပရာ ခရိုင် ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေ **(ယာပုံ)**၊ ဗဟိုအလုပ်အမှုဆောင် ဦးသာထွန်း၊ မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးယဉ် ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြဦး တို့က အမှာစကားပြောကြားကြကာ အခမ်းအနားကို ဖွင့်လှစ်ပြီး မူးယစ် ဆေးဝါးဆန့်ကျင်ရေး ပညာပေး လက်ထိုးရုပ်ဇာတ်လမ်းများဖြင့် ပညာ ပေးပြသသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်မူးယစ် ဆေးဝါးဆန့်ကျင်ရေးအသင်း ဒုတိယ ဥက္ကဋ္ဌ ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)နှင့် ရာသက်ပန်အသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူ များ တက်ရောက်ကြသည်။

(၆၁)



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ခေတ်အေးကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် ရွာသစ်ကျေးရွာများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအာဏာပိုင်များ၊ စေတနာရှင် အလှူရှင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများကို လက်ခံသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးတင်ထူးက နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး အတွက်လုပ်ငန်းစဉ်(၅)ရပ် ချမှတ်၍ ဒေသဆိုင်ရာအာဏာပိုင်များ၏အား၊ ဒေသခံပြည်သူများ၏အား၊ စေတနာရှင်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ၏အား၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၏အား ဆိုသည့် အား(၄)အားတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ယင်းလုပ်ငန်းစဉ်များသည် တိုင်းပြည်နှင့်ပြည်သူတစ်ရပ်လုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်နေသော အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်၍ သက်ဆိုင်ရာ ဒေသအလိုက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် စာဖတ်သူ ပြည်သူများ တိုးပွားအောင် ဆောင်ရွက်ရေး၊ ထူထောင်ပြီး စာကြည့်တိုက်များတွင် ရှိရင်းစာအုပ်များထက် အသစ်သစ်သော စာအုပ်များ တိုးတက်အောင် ဆောင်ရွက်ရေး၊ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင် အဆောက်အအုံများဖြစ်အောင်ဒေသ အာဏာပိုင်များ၊ ဒေသခံ ပြည်သူများ နှင့် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်း ဆောင်ရွက်ရေး၊စာကြည့်တိုက်တွင်သင့်လျော်သည့် ပရိဘောဂများ ရှိလာအောင် ဆောင်ရွက်ရေးနှင့် စာကြည့်တိုက် ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းကာ စနစ်တကျ ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ ခေတ်အေးကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့်ရွာသစ်ကျေးရွာများရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက လက်ခံရယူကြသည်။

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဦးသိန်းအောင်နှင့် မိသားစု(သိန်းကုမ္ပဏီ)ကငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ ခေတ်အေးကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် ရွာသစ်ကျေးရွာများမှ စေတနာရှင် ပြည်သူများက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းစီ စုစုပေါင်း ငွေကျပ်သိန်း ၃၀ကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် တာဝန်ရှိသူများက နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးဝင်းအတွင်း စိုက်ထူပြသထားသည့် စာကြည့်တိုက်များ တည်ဆောက်နိုင်မှုမှတ်တမ်းဓာတ်ပုံများနှင့် ဖတ်ဖွယ်၊ မှတ်ဖွယ်၊ သိအပ်စရာနံရံကပ်စာစောင်များကိုကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်မြောက်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၆၀ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း သာဂရစက်မှုနယ်မြေရှိ စက်ရုံများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ သွားရောက်၍ ရှေးဦးစွာ မြေထိုးမြေတူး ယန္တရားထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏ သတ္တုပုံသွင်းအလုပ်ရုံ၊ ဂဟေဆက်အလုပ်ရုံ၊ စက်ပစ္စည်းအလုပ်ရုံ၊ စက်တပ်ဆင်ရေး အလုပ်ရုံနှင့် ဆေးမှုတ်အလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တပ်ဆင်ပြီးစက်များတစ်ခုချင်း စမ်းသပ်လည်ပတ်ရေး၊ နည်းပညာလွှဲပြောင်းရယူရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာ ဂရုပြုဆောင်ရွက်ရေး၊ သတ်မှတ်ထားသည့်ကာလအတွင်း ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်မှုနယ်မြေအတွင်းရှိ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံ၊ ရေအားလျှပ်စစ်တာဘိုင်နှင့် ဂျင်နရေတာထုတ်လုပ်မှုစက်ရုံ၊ တည်ဆောက်ဆဲ စက်မှုသင်တန်းကျောင်းတို့၏ အဆောက်အအုံများ ဆောက်လုပ်နေမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းများကို သတ်မှတ်ချိန်ထက်စော၍ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ရေးတို့ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

နေပြည်တော် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှနိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၈ခုနှစ် ဇူလိုင်လအတွက် အာဆီယံအကြောင်း သိကောင်းစရာများ၏ On Line ASEAN ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇူလိုင် ၂၆ရက် နံနက်ပိုင်းတွင် ကျင်းပရာ ဝါသနာရှင်များက On Line မှတစ်ဆင့် ဆက်သွယ်ဖြေဆိုခဲ့ကြသည်။ ဖြေဆိုသူများအနက် ပထမဆုကို ကိုစိုးစံ စိုးစံဓာတ်ပုံတိုက် ဝါးခယ်မမြို့ ဧရာဝတီတိုင်း၊ ဒုတိယဆုကို ကိုကျော်လင်းသူ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝါးခယ်မမြို့ ဧရာဝတီတိုင်း၊ တတိယဆုကို မညွှန့်ညွှန့်ဝင်း အမှတ်(၅၇၉) သိန္ဓိလမ်း (၄၀)ရပ်ကွက် ဒဂုံမြို့သစ်မြောက်ပိုင်း ရန်ကုန်တိုင်း၊ နှစ်သိမ့်ဆုကို မဉမ္မာငြိမ်းချမ်းဦး ညောင်ပင်ဈေး (၁)လမ်း ဇလွန်မြို့ ဧရာဝတီတိုင်းတို့က အသီးသီးရရှိကြသည်။ ဆုရရှိသူများအတွက် ချီးမြှင့်ငွေများကို စာတိုက်မှ ပေးပို့သွားမည်ဖြစ်သည်။

လစဉ် နောက်ဆုံးပတ် စနေနေ့တိုင်းတွင် ကျင်းပသော On Line ASEAN ဉာဏ်စမ်းပဟေဠိ အစီအစဉ်အတွက် မေးခွန်းများကို ယင်းနေ့ နံနက် ၉နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်ပေးမည်ဖြစ်ပြီး ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်/တိုင်းအသီးသီးမှ ဝါသနာရှင်များသည် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား On Line ASEAN ဉာဏ်စမ်းပဟေဠိ အစီအစဉ်ကို ပြိုင်ပွဲကျင်းပသည့် နံနက် ၁၀နာရီခွဲမှ ၁၁နာရီအတွင်း ဖုန်း-၀၆၇-၇၉၃၅၄နှင့် ၀၆၇-၇၉၃၅၉တို့သို့ ဆက်သွယ်ဖြေဆိုနိုင်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗီဒီယိုလုပ်ငန်းများ သတ်မှတ်စည်းကမ်းများ လိုက်နာမှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးမည်

ရန်ကုန် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီသည် ၂၀၀၈-၂၀၀၉ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ရည်မှန်းချက်တာဝန် (၁၀)ရပ်နှင့် ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေး ဗဟိုကော်မတီအတွက် လမ်းညွှန်ချက် (၇)ချက်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပါ ဗီဒီယိုထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ ဗီဒီယိုတိပ်ခွေ (ဗွီစီဒီ၊ ဒီဗွီဒီ) ကူးယူခြင်း/ဖြန့်ချိခြင်း/ငှားရမ်းခြင်းနှင့် ဗီဒီယိုပြသခြင်း (ရုံနှင့်ပြသခြင်း၊ ကာရာအိုကေခန်းမ KTV၊ လက်ဖက်ရည်ဆိုင် ဗီဒီယိုပြသခြင်း၊ စားသောက်ဆိုင်၌ ဗီဒီယိုပြသခြင်း) လုပ်ငန်းများလိုင်စင်မဲ့ မရှိစေရေး၊ သက်တမ်းလွန်မရှိစေရေးနှင့် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေးတို့အတွက် ကွက်ပြည့် ကွင်းဆင်းဆောင်ရွက်ရန် မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ပြည်နယ်/တိုင်း လုပ်ငန်းစုရုံးများနှင့် ပြည်နယ်/တိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီများသို့ အကြောင်းကြားထားရှိကြောင်းနှင့် ကွင်းဆင်းစစ်ဆေးစဉ် လိုင်စင်မဲ့၊ သက်တမ်းလွန်နှင့် သတ်မှတ်စည်းကမ်းချက်နှင့် ညီညွတ်မှုမရှိပါက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ အရေးယူသွားရန် အကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၈ (တနင်္လာနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဥပုသ်သည်ငါးဦး"တရားတော် (အပိုင်း - ၂) (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၀၅ - ၂း၀၅	ဆုံးရှုံးမှုများမှသည် ဘက်စုံထူထောင်ရေးလုပ်ငန်းများဆီသို့ (ဖျာပုံ၊ ဒေးဒရဲ)
၈း၂၅ - ၂း၂၅	MRTV-4 ကျန်းမာရေးကဏ္ဍ (အရိုးအထူးကုဆရာဝန်ကြီးတွဲဖက်ပါမောက္ခ ဒေါက်တာဦးညီညီနှင့် တွေ့ဆုံခြင်း)
၉း၁၅ - ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀ - ၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀ - ၃း၃၀	Orchard Families (အပိုင်း - ၂)
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	လှူဒါန်းမှုမှသည် အသောကစေတီမှ ဗိမာန်ဆီသို့
၁၀း၂၀ - ၄း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၅ - ၄း၂၅	သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ ညိုမင်းလွင်)
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	လက်နှင့်ပြုလုပ် ပြင်ဦးလွင်အုတ်
၁၁း၀၀ - ၅း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅ - ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ - ၅း၁၅	A day with Aye Nan Lin (အေးနန်းလင်းနှင့် တစ်နေ့တာ)
၁၁း၃၀ - ၅း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅ - ၅း၃၅	အေးမြမှုရဲ့အနာဂတ်သစ်ခေတ်မီ Service စနစ်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	သက်ရှည်ကျန်းမာဖို့ သဘာဝနို့စစ်စစ်ကိုသောက်ကြစို့
၁၂း၀၅ - ၆း၀၅	VJ Choice
၁၂း၃၅ - ၆း၃၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ‘‘ဖူးစာလမ်းဆုံ’’
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧည့်ပရိသတ်များ နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၁၄ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းနှင့် ဘိုးဘွားရိပ်သာ တစ်ဌာနတို့အတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

✳ နေပြည်တော်မှ

ဆက်လက်၍ ဆရာတော်၊ သံဃာတော်တို့ ရွတ်ပွားသရဇ္ဈာယ်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်နှီးအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊ လေ) မိသားစုများကလှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးနှင့် ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်ဦးစီးဗိုလ်မှူးကြီး (ရေ) ဗိုလ်မှူးကြီးတင်အောင်စန်းနှင့် စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်တို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာနမြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်ပျဉ်းမနားခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ACE ကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီ၊ ခိုင်သစ္စာရတနာကုမ္ပဏီ၊ အေရှုဟိုက်တက်ကုမ္ပဏီ၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး(စန္ဒီပရဆေး)၊ ရွှေတောင်ကုမ္ပဏီ၊ လမ်းမတော်မြို့နယ် သန့်ဝန်ဆောင်မှုလုပ်ငန်း ၊ ကျော်တိုင်းရင်းဆေးလုပ်ငန်း၊ သမားတော်ဦးလှဌေး-သီရိသုဓမ္မသိင်္ဂီဒေါ်တင်နွယ်ဦးမိသားစု (မှန်ချို ဆေးတိုက်)၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ ဆေးတိုက်)၊ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ တိုင်းရင်းဆေးထုတ်လုပ်ရေးလုပ်ငန်း)၊ ဦးလှမြင့်မိသားစု (ကေသီပန်ဆေးတိုက်)၊ ထက်လင်းဆေးတိုက်တို့က ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေး၊ ပဲ၊ သွားတိုက်ဆားဘူးနှင့် တိုင်းရင်းဆေးမျိုးစုံတို့ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင်အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက ငွေကျပ် ၁၈၀၀၀၀၊ နေပြည်တော်ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၀၀၀၀၀၊ နေပြည်တော်ပျဉ်းမနားမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က ငွေကျပ် ၅၀၀၀၀ စီ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ငွေကျပ်၃၀၀၀၀စီ၊ မြို့နယ်ပညာရေးမှူးရုံးက ငွေကျပ်၅၀၀၀၀၊ မြို့နယ်တရားရုံးက ငွေကျပ်၃၃၀၀၀၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကငွေကျပ် ၃၀၀၀၀၊ မြန်မာ့ရေနံလုပ်ငန်း၊ ရေနံသိုလှောင်ဖြန့်ဖြူးရေးက ငွေကျပ်၆၀၀၀၀၊ ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနက ငွေကျပ်၅၀၀၀၀၊ ပင်မအလုပ်ရုံက ငွေကျပ် ၄၀၀၀၀၊ ကျန်းမာရေးဦးစီးဌာနက ငွေကျပ် ၅၀၀၀၀၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနက ငွေကျပ်၃၀၀၀၀၊ ခရိုင်အဆင့်ဌာနဆိုင်ရာများကငွေကျပ် ၇၅၀၀၀၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ငွေကျပ်၂၄၂၀၀၀၊ ဂိုးလ်ဒင်းဖလားဝါးကုမ္ပဏီက ငွေကျပ် ၁၅သိန်း၊ သီရိသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း သီရိသုဓမ္မသိင်္ဂီဒေါ်စန်းဝင်း (မြန်မာပြည်သားဟော့ကုမ္ပဏီ)ကငွေကျပ် ၁၀၀၈၀၀၀၊ မက်စ်မြန်မာကုမ္ပဏီကငွေကျပ် ၁၀သိန်း၊ TZTM ကုမ္ပဏီက ငွေကျပ်ခုနစ်သိန်း၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီး ဦးဘိုကြီး - သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်း (ရွှေပဒေသာပြည်လုံးချမ်းသာဆေးတိုက်)က ငွေကျပ် ၆၇၀၀၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)ကငွေကျပ် ၅၅၅၀၀၀၊ သုဓမ္မမဏိဇောတဓရ ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါ တိုင်းရင်းဆေးတိုက်)၊ ဧဒင်ကုမ္ပဏီ၊ ရွှေသံလွင်ကုမ္ပဏီ(ရွှေညော့်သည်ဟိုတယ်)၊ ဧရာရွှေဝါကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ နောင်တုံကုမ္ပဏီနှင့် ရွှေတောင်ကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ မြင့်အောင်မြတ် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးကုမ္ပဏီ၊ အရှဏ်ဦးကုမ္ပဏီ၊ အက်စ်ပီဒင်ကုမ္ပဏီ၊ အေးရှားဝေါလ်ကုမ္ပဏီနှင့် BOEC ကုမ္ပဏီတို့က ငွေကျပ်သုံးသိန်းစီ၊ သမ္မတသက်န်းတိုက်၊ ဒေါ်လှလှ (လမ်းမတော်မြို့နယ်) (သန့်ဝန်ဆောင်လုပ်ငန်း)၊ တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မြန်မာ့အလှကုမ္ပဏီ၊ ဒိုင်းမွန်းမာကျူရီကုမ္ပဏီ၊ ဦးငြိမ်း-ဒေါ်အုံးကျင် (အိုကေဆန်ပွဲရုံ)နှင့် ဆန်းမြန်မာကုမ္ပဏီတို့ကငွေကျပ်နှစ်သိန်းစီ၊ ယူနိုက်တက်ဝင်းနားအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၂၀၀၀၀၊ မှန်ချိုဆေးတိုက်ကငွေကျပ်၁၁၀၀၀၀၊ ထွန်းရွှေဝါဆေးတိုက်၊ ကေသီပန်ဆေးတိုက်၊ ထက်လင်းဆေးတိုက်၊ နန်းစိန်မုန့်တိုက်၊ ဦးမြင့်အောင်မိသားစု (ဇောတိကဆီစက်)၊ ဆူပါတက်ကုမ္ပဏီနှင့်ဦးဘိုအေး-ဒေါ်မြခင်မာ၊ ပေါင်းလောင်း(၉)လမ်းယာဉ်စက်ပြင်လုပ်ငန်းတို့ကငွေကျပ် တစ်သိန်းစီအပါအဝင်စေတနာရှင်၊ အလှူရှင်များကဆွမ်းပဒေသာပင်အလှူငွေကျပ်၁၄၉၇၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုနှင့် တပ်မတော်အရာရှိကြီးများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် စစ်ဦးစီးဗိုလ်မှူးကြီး(ရေ) ဗိုလ်မှူးကြီးတင်အောင်စန်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ပဲနှင့် ဆွမ်း ပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် နေပြည်တော်ပျဉ်းမနား မင်္ဂလာဇေယျံပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်နှင့်အဖွဲ့ဝင်များ၊အလှူရှင်များနှင့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေပြည်တော်ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၁၄ကျောင်း၊ သီလရှင်ကျောင်းသုံးကျောင်းနှင့် ဘိုးဘွားရိပ်သာ တစ်ဌာနတို့အတွက် ယနေ့လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော်၄၄၇အိတ်နှင့် သုံးပြည်၊ ဆီ၁၆၂ပိဿာနှင့်၂၀ကျပ်သား၊ ပဲ၂၉၁ပိဿာနှင့် ၄၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၄၅၇ပိဿာ၊ သွားတိုက်ဆေးဘူး ၂၉၂ဘူး၊ တိုင်းရင်းဆေး၃၈၉၄ဘူး၊ တိုင်းရင်းဆေး ၁၅၈၀ထုပ်နှင့် ဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၄၉၇၀၀၀၀ တို့ ဖြစ်ကြသည်။
(သတင်းစဉ်)

သိမ်ဆင်း လောင်းလှူ

မင်္ဂလာ တောင်တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော် (၆၆)နှစ်၊ ဝါတော် (၄၆)ဝါပြည့် မွေးနေ့အလှူတော် မင်္ဂလာနှင့်(၄၂)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာအခမ်းအနားတွင်အလှူရှင်များက သိမ်ဆင်းလောင်းလှူကြစဉ်။
(သတင်းစဉ်)

မင်္ဂလာတောင်တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သုဇန၏ မွေးနေ့မင်္ဂလာနှင့်(၄၂)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိမင်္ဂလာတောင်တော်ဦးကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇန၏ သက်တော်(၆၆)နှစ် ဝါတော်(၄၆)ဝါပြည့် မွေးနေ့အလှူတော်မင်္ဂလာနှင့် (၄၂)ကြိမ်မြောက် သိက္ခာထပ်မင်္ဂလာ အခမ်းအနားကို ယနေ့နံနက်စနာရီခွဲတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သိက္ခာတော် ကံထပ်မင်္ဂလာ အလှူရှင် မိသားစုနှင့် တပည့် ဒါယကာ၊ဒါယိကာမများတက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော် သံဃာတော်များကဇမ္ဗူဒိပသိမ်တော်ကြီး၌ ဗဟန်းမြို့နယ် သံဃာ့ဝန်ဆောင် မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနအား သိက္ခာထပ်မင်္ဂလာကျင်းပပြီး အလှူရှင် ဦးသန်းဝင်းစိုးနှင့်ဇနီး ဒေါ်ပွင့်ဦးလှိုင် မိသားစုနှင့် ဆရာတော်၏ တပည့် ဒါယကာ ဒါယိကာမများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် သိမ်ဆင်းလောင်းလှူကြသည်။

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုဇနထံမှပရိသတ်များကငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် ဘဒ္ဒန္တသုဇနက အနုမောဒနာတရား ချီးမြှင့်ပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄း၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၀ ၉။ ဗွီစီဒီကျော်ကြား တေးများ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆း၄၅ ၁၅။ လှျပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "ပျော်ရွှင်ပါစေ" အပိုင်း(၄၈)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေး တေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ - ရောဂန္တရကင်းဝေးကြပါစေ
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း "နှင်းတောင် သူရဲကောင်း" အပိုင်း(၁၃)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

မူးယစ်ကင်းစင် အလှဆင်

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး စိုက်ပျိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဇူလိုင် ၂၄ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာသို့ ရောက်ရှိ၍ ငွေချည်(၆) ချည်မျှင်ရှည်ဝါ မျိုးသန့်စိုက်ပျိုးနေကြသော တောင်သူများနှင့်တွေ့ဆုံကာ အထွက်ကောင်းသည့် ချည်မျှင်ရှည် ဝါမျိုးများ မျိုးပြောင်းလဲ စိုက်ပျိုးပြီး ဝါတောင်သူများ ဝင်ငွေပိုမိုရရှိအောင် ဆောင်ရွက်ပေးနေမှုကြောင့် ယခင်က တစ်ဧက ဝါပိဿာ ၃၀၀ မှ ၄၀၀ ထွက်ရှိရာမှ ယခုအခါ ငွေချည်(၆) ချည်မျှင်ရှည်ဝါမျိုးကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် တစ်ဧက ဝါပိဿာ ၁၆၀၀ ရရှိနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး ငွေချည် (၆) ဝါမျိုးသန့်စိုက်ခင်းများကိုလည်းကောင်း၊ ဝါပေါက်များကိုလည်းကောင်း ကြည့်ရှုကာ တောင်သူများ၏ ပြန်လည်ဆွေးနွေးချက်များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် အထွေထွေ အတွင်းရေးမှူးသည် ကားလမ်းဘေးတစ်လျှောက်၌ စိုက်ပျိုးပြီး စပါးစိုက်ခင်းများကို ကြည့်ရှုကာ သာစည်မြို့နယ် ကုန်းတောင်းကျေးရွာသို့ သွားရောက်၍ ကျေးရွာလူထု တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ စပါးစိုက်ဧကအားလုံး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှာကြားဖြည့်ဆည်းပေးသည်။

ဆက်လက်၍ အထွေထွေ အတွင်းရေးမှူးသည် ကုန်းတောင်းအနောက်ကျေးရွာသို့ သွားရောက်၍ လယ်သူမကြီး ဒေါ်အေး၏ လယ်မြေတွင် စပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ကုန်းတောင်းဆည် ရေရရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အထွေထွေ အတွင်းရေးမှူးသည် မိတ္ထီလာမြို့နယ် အကျီးပင်ပုံကျေးရွာသို့ သွားရောက်၍ ကျေးရွာလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ မှာကြားပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် မင်္ဂလာတောင်ညွန့်အထက်ပန်းဆိုးတန်းလမ်းနေ ဒေါ်ခင်မမမိသားစုနှင့် (ဦးညီညီ-ဒေါ်ဘေဘီ) တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုတို့က ငွေကျပ်နှစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်း ဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (၅၃၂)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုရ ဝန်ထမ်းသား၊ သမီးများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ထူးဆုရ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများအား ဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၂၇

စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၀၇-၂၀၀၈ တက္ကသိုလ်ဝင်စာမေးပွဲ၌ ပညာရည်ချွန်ဆုရ ဝန်ထမ်း သား၊ သမီးများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်၌ ထူးချွန်ဆုရ ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာ အစည်းအဝေးခန်းမ၌ ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏ မိဘဝန်ထမ်းများ၊ ထူးချွန်ဆုရ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသိက ဂုဏ်ပြုအမှာစကား ပြောကြားပြီး ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ခုနစ်ဦးနှင့် လေးဘာသာ ဂုဏ်ထူးရှင် ၂၈ ဦးတို့အားလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်မှ ဖွင့်လှစ်သော သင်တန်းများတွင် ထူးချွန်ဆုရ ဝန်ထမ်းသုံးဦးတို့အားလည်းကောင်း ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရှင် မနှင်းအိအိခင်က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

နှင်းဆီကုန်းဘိုးဘွားရိပ်သာ အဘိုး၊ အဘွားများ၊ ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အလှူရှင်များ စုပေါင်း၍ အကြိမ်(၅၀)မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာဓမ္မာရုံ၌ ကျင်းပရာ ရွှေးဦးစွာ သာကေတမြို့နယ် ပါဠိကာရီကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒီဃနိကာယကောဝိဒ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအင်္ဂီသထံမှ ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ရိပ်သာစောင့်ရှောက်ရေးအဖွဲ့ နာယကများ၊ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အဘိုး၊ အဘွားများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်သံဃာတော်များအား ဆက်ကပ်လှူဒါန်းကြပြီး ပါဠိကာရီကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တအင်္ဂီသက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

အလုံမြို့နယ် မနော်ဟရီရိပ်သာနေ ဦးအီးဒစ်(စ်)စင်က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးမောင်မောင်တို့ လက်ခံယူစဉ်။ (က-ပ)

လေဘေးသင့် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၇

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့အနေဖြင့် လေဘေးသင့် စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များအတွက် အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းနိုင်ကြောင်း နှိုးဆော်ခဲ့ရာ တာချီလိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၂၀၀၀၀၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ စုပေါင်းလှူဒါန်းငွေကျပ် ၈၀၀၀၀၊ မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ ဦးမြလှိုင် (မြတ်မင်းလှိုင်)က ငွေကျပ် ၅၀၀၀၀၊ (ဦးကြည်အောင်-အင်္ဂပူ-ဒေါ်စန်းမြင့်(လက္ခဏာဆရာမကြီး ဒေါ်စန္ဒီမာလာ)က ငွေကျပ် ၅၀၀၀၀၊ နေပြည်တော် တပ်ကုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၅၀၀၀၊ မြင်းခြံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၅၀၀၀၊ မြစ်ကြီးနားမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ဦးကျော်လှိုင် (ကျော်လှိုင်-စိုက်ပျိုးရေး)-ဒေါ်ခင်ခင်စုက ငွေကျပ် ၂၀၀၀၀၊ ဖြူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ပြင်ဦးလွင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကငွေကျပ် ၂၀၀၀၀၊ ဝက်လက်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ဟသ်ာတမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၂၀၀၀၀၊ ဘားအံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၆၀၀၀၊ မင်းဘူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ မကွေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၃၅၀၀၊ ဦးမျိုးအောင် (သတင်းဓာတ်ပုံ-မိုးညှင်း) မိသားစု၊ စာရေးဆရာဒါရိုက်တာ ဦးအောင်စိုးဦး၊ ကလောမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ရေတာရှည်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဦးမြထွန်း (ဒုညွှန်မှူး-ငြိမ်း)၊ ကော့ကရိတ်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ရွှေလီမောင်မောင်(မူဆယ်)၊ ပြည့်ကောင်းဘော်ဒါ၊ ဦးမြင့်သိန်း (တက္ကသိုလ်ကိုလတ်)၊ ဦးအေးကြည် (မောင်ညိုအေး-မောရဝတီ)၊ မကွေးဝင်းမြင့်၊ ရွှေလမ်းငွေလမ်းဝင်းကြည်၊ မောင်နန္ဒ(မြစ်ကြီးနား)၊ မောင်မွန်မြတ်(ကျေးလက်)၊ သန်းဝေ(တောင်ကြီး)၊ မြစ်သားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မဖြူဖြူခိုင် (ချုံးနွယ်)၊ ညောင်ဦးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဦးအောင်သန်း (အောင်သန်း- ရွှေလက်)၊ သာယာဝတီမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဖားကန့်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ခနောင်ဖြူမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀ စီနှင့်ငွေကျပ် ၅၀၀၀နှင့်အောက် အလှူရှင် ၃၅ ဦးတို့က ငွေကျပ် ၁၀၉၀၀၀ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူသည်။

အလားတူ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်ညီလာခံ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးအတွက် တူဒေးစာအုပ်မှ ငွေကျပ် ၂၀၀၀၀၀၊ ကဗျာစာဆို မင်းမောင်နွယ် (မွန်ဌာနီ)က ငွေကျပ် ၁၈၀၀၀၀၊ ရွှေလီမောင်မောင်က ငွေကျပ် ၂၀၀၀၀၊ မင်းဘူးစကုမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၅၀၀၀၊ မုံရွာမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၊ ကလေးဝမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ဝါးခယ်မမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ စဉ့်ကိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀၀၀၀စီ၊ ငွေကျပ် ၅၀၀၀နှင့်အောက် အလှူရှင် ကိုးဦးတို့က ငွေကျပ်၃၇၀၀၀နှင့် ရှမ်းမောမြေအားဖြည့်အချိုရည်ကုမ္ပဏီက တန်ဖိုးငွေကျပ် ခြောက်သိန်းကျော်ဖိုးရှိ Summit-A အားဖြည့်အချိုရည်များ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

လေဘေးသင့်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များအတွက် မည်သူမဆို အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံး တည်ရှိရာ အမှတ် (၅၂၉/၅၃၁)၊ ကုန်သည်လမ်းနှင့် ၃၇ လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ်၊ ဖုန်း- ၂၅၂၄၁၇၊ ၃၈၅၂၇၃သို့ ရုံးချိန်အတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေအတွက် မိဘနှစ်ပါးဖြစ်သည့် ဦးပါငယ် - ဒေါ်သန်းခင်တို့အားဦးထိပ်ထားလျက် မွန်ပြည်နယ် ဘီလူးကျွန်းချောင်းဆုံမြို့ ကလော့ကျေးရွာနေ ချောင်းဆုံမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက သီရိမွန်စာပေမှ ကဗျာစာဆို မင်းမောင်နွယ်(မွန်ဌာနီ) ကိုယ်စား ဦးသန်းလှိုင် (တက္ကသိုလ်သခ်)က အလှူငွေကျပ်၁၈၀၀၀၀လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး) တို့ လက်ခံယူစဉ်။ (စာပေစာနယ်ဇင်း)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့် (၂)

ကျော်ရဲမင်း

ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးများကို သတိရရင်း လေဘေးသင့်ပြည်သူတွေအတွက် မေလ ၄/၅ရက်ကစပြီး ဇူလိုင်လ ၁၄ရက်နေ့အထိ ဆန်လှူဒါန်းထောက်ပံ့မှုအခြေအနေများကို ပြီးခဲ့တဲ့ ဆောင်းပါးအမှတ်(၁)မှာ ရေးခဲ့ပြီးဖြစ်ပါတယ်။ ယခု အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်မှုနဲ့ပတ်သက်ပြီး လှူဒါန်းထောက်ပံ့မှု အခြေအနေတွေကို ဆက်ပြီးရေးပါဦးမယ်။

ပြောရရင် ပင်လယ်ပိုင်းမှာ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်း နည်းနည်းပဲရှိပါတယ်။ တစ်ခုက လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အခြားတစ်ခုကတော့ ရေလုပ်ငန်းပဲ ဖြစ်ပါတယ်။ အခြားလုပ်ငန်းတွေအနေနဲ့တော့ ဆားလုပ်ငန်း၊ ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းတို့ ရှိကြပါတယ်။ အဲဒီလုပ်ငန်းတွေကိုမှီပြီး ကုန်သည်စီးပွား အရောင်းအဝယ်လုပ်ငန်းတွေလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ကြပါတယ်။ လုပ်ငန်းအားဖြင့် ကျွန်တော် လေ့လာမိသလောက် ဒီလောက်ပါပဲ။

သိကြတဲ့အတိုင်း မြစ်ဝကျွန်းပေါ်ဒေသဆိုတာ ကျွန်တော်တို့နိုင်ငံရဲ့ စပါးကျီ ဖြစ်ပါတယ်။ တကယ်ကို မြေဆီသြဇာကောင်းလှတဲ့ နုန်းတင်မြေနုကျွန်းတွေ ပို့ချစုပုံဖြစ်ထွန်းပြီး မြေကြီးက ရွှေသီးစေတဲ့ ရွှေမြေအစစ်ဖြစ်ပါတယ်။ အလားတူ ငါးစို၊ ငါးစိမ်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက် စတဲ့ ရေထွက်ကုန်ပစ္စည်းတွေနဲ့ တစ်နိုင်ငံလုံးက ပြည်သူတွေကို ကျွေးမွေးထားနိုင်လောက်အောင် ရေသယံဇာတ အရင်းအမြစ်ကြွယ်ဝပြီး ရေလုပ်ငန်း အထူးတွင်ကျယ်တဲ့ ဒေသလည်း ဖြစ်ပါတယ်။ ကမ်းနီး ကမ်းဝေး ငါးဖမ်းလုပ်ငန်းတွေ၊ ဘုံကျောင်း ကျားပိုက်လုပ်ငန်းတွေ၊ မျှောပိုက်လုပ်ငန်းတွေ၊ ဝွေးဖောင်လုပ်ငန်းတွေနဲ့ ရေချို ရေငန် ငါးပုစွန်တွေကို အမိအရ ဖမ်းပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပြည်ပဝင်ငွေပါ ရှာဖွေပေးနိုင်တဲ့ ဘူမိနက်သန်လည်း ဖြစ်ပါတယ်။

ဒါပေမယ့် အခုအချိန်မှာတော့ နာဂစ်ရဲ့လက်ချက်နဲ့ အတော်များများ ဆုံးရှုံးပျက်စီးသွားခဲ့ပါပြီ။ ပင်လယ်ပိုင်းက လယ်ယာမြေ အမြောက်အမြား ရေငန်ဝင်ရောက်ပျက်စီးခဲ့ရသလို ရေငန်တားတမံတွေလည်း ကျိုးပေါက်ပျက်စီးခဲ့ရပါတယ်။ သိုလှောင်စုဆောင်းထားတဲ့ မျိုးစပါးတွေ၊ ဝမ်းစာစပါးတွေလည်း ရေစိုပျက်စီးဆုံးရှုံးခဲ့ပါတယ်။ ဒါ့အပြင် လယ်သမားကြီးတွေရဲ့ သွေးသောက် ရဲဘော်ရဲဘက်တွေဖြစ်တဲ့ ကျွဲ၊ နွားတွေလည်း အမြောက်အမြား သေကျေပျက်စီး ဆုံးရှုံးခဲ့ရပါတယ်။ အလားတူ ရေလုပ်ငန်းပိုင်းမှာလည်း ငါးဖမ်းစက်လှေတွေ၊ ကျားပိုက်၊ မျှောပိုက်ကြီးတွေ၊ ကျားဖောင်တွေ၊ ဝွေးဖောင်တွေ၊ ရေစင်တွေ၊ ငါးပိငါးခြောက် အလုပ်ရုံတွေ အများကြီး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ အဲဒီ ဆုံးရှုံးပျက်စီးမှုတွေကို ဆက်ပြီးပြောနေရင်တော့ စိတ်မချမ်းသာစရာတွေချည်းပဲ ဖြစ်နေတော့မှာပါ။ စိတ်ချမ်းသာစရာဖြစ်အောင် ကျွန်တော့်ဆွေမျိုးတွေရဲ့ စိတ်ဓာတ်အားမာန်၊ လုပ်အားအားမာန်အကြောင်းတွေ ပြောရရင် မကောင်းပေဘူးလားလို့ စဉ်းစားမိပါတယ်။

မုန်တိုင်းဖြစ်ပြီးခါစ အချိန်တုန်းကတော့ ကျွန်တော့်ဆွေမျိုးအများစုဟာ ဘယ်လိုမှ မတတ်သာလို့ ဒုက္ခသည်စခန်းတွေမှာ ယာယီအားဖြင့် အမှီပြု ခိုလှုံခဲ့ကြရမှာပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တွေဟာ သူသူကိုယ်ကိုယ် သူများပေးစာကမ်းစာ မှီခိုစားသောက်ရတဲ့ ဘဝမျိုးကို ဘယ်သူမှ မခုံမင်ကြပါဘူး။ ဒါကြောင့်လည်း ခဏတာဒုက္ခသည်စခန်းမှာ ခိုလှုံခဲ့ကြရပေမယ့် ဒုက္ခသည်ဆိုသည့်ဘဝမှာ ကြာရှည်နေလိုစိတ် မရှိကြတဲ့ မြစ်ဝကျွန်းပေါ်သားကြီးတွေဟာ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ်ကို ပြန်ပြီးလုပ်ကိုင်ဖို့ အထူးပဲ အားသန်ခဲ့ကြတယ်လို့ ကြားသိရပါတယ်။ ဒါ့အပြင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသကို အစွဲအလမ်းကြီးသလို ကိုယ့်အိမ်ကိုယ့်ရာကိုလည်း အင်မတန်မြတ်နိုးတွယ်တာတတ်သူတွေ ဖြစ်ကြပြန်လေတော့ အခြေအနေအခွင့်သာတာနဲ့ ကိုယ့်အိမ်ကိုယ့်ရာပြန်ပြီး ကိုယ်လုပ်ငန်းလေးတွေကို ပြန်စကြသူတွေချည်းပါပဲ။ ကိုယ့်လက်ကိုယ့်ခြေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းပြီး ကိုယ့်အသိုက်အမြုံကို ပြန်လည်ထူထောင်မယ်ဆိုတဲ့ ခံယူချက်မျိုး ရှိကြတာဟာ အလွန်ပဲ အထင်ကြီးလေးစားစရာကောင်းပါတယ်။ ဒီလိုစိတ်ဓာတ်ခွန်အားနဲ့ ခံယူချက်အသိ မြင့်မားကြသူတွေ ဖြစ်တဲ့အတွက် နိုင်ငံတော်အပါအဝင် ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ ကူညီလှူဒါန်းပံ့ပိုးမှုတွေနဲ့ ပေါင်းလိုက်တဲ့အချိန်မှာ ဒေသတစ်ခုလုံးဟာ ချက်ချင်းကို နိုးထသက်ဝင် လှုပ်ရှားလာခဲ့တာပါပဲ။

နောက်တစ်ချက်က မြစ်ဝကျွန်းပေါ်သား ကျွန်တော့် ဆွေမျိုးတွေဟာ အရိုးခံသဘောနဲ့ တစ်မျိုးဉာဏ်မနှောတဲ့ တောသူတောင်သားတွေ ဖြစ်ကြပါတယ်။ ကိုယ့်ရဲ့မိရိုးဖလာလုပ်ငန်းကို အလွန်ပဲ သံယောဇဉ်ကြီးကြပါတယ်။ လယ်သမားက တောင်ဆီမှာ မိုးကလေး ညို့လာပြီဆိုရင် ထွန်တုံးကလေးပြင်ပြီး လယ်ထဲဆင်းဖို့ ဖင်တကြွကြွဖြစ်နေမှာဖြစ်သလို ငါးသမားကလည်း မိုးကလေးများ စွေပြီဆိုရင်ဖြင့် ဒို့ချောင်းထဲမှာ ဘာငါးတွေဖြင့် မြူးကြတော့မယ်ဆိုပြီး ပိုက်ကလေး မျှော၊ ကွန်ကလေးပစ်ဖို့ ဟန်တပြင်ပြင် ဖြစ်နေကြမှာအမှန်ပါပဲ။ အခုတော့ သူတို့ရဲ့ဆန္ဒတွေပြည့်လောက်ပြီထင်ပါတယ်။ တကယ်တော့လည်း ဒုက္ခသည်စခန်းဆိုတာ တစ်သက်လုံး နေထိုင်နိုင်မှာမဟုတ်တဲ့အတွက် တစ်ချိန်ချိန်မှာတော့ နေရပ်ကိုပြန်ပြီး ကိုယ့်အိုးကိုယ့်အိမ်၊ ကိုယ့်လုပ်ငန်းကို ပြန်ထူထောင်ကြရမှာပါပဲ။ နောင်ကျရင်လည်း မဖြစ်မနေလုပ်ရမယ့် အလုပ်တစ်ခုကို အခုကတည်းက စောစောစီးစီးရင်ဆိုင်ဖြေရှင်းဆောင်ရွက်လိုက်တာ မှန်တယ်လို့ ယူဆမိပါတယ်။

ကျွန်တော်ပင်လယ်ပိုင်းမှာ ကျင်လည်ကျက်စားနေရတုန်းက ရွာစဉ်တောတန်းစုံအောင် အတော်လေးနှံ့ခဲ့တာပါ။ ချောင်းရိုး မြောင်းရိုးအတိုင်း ပဲ့ထောင်စီးနေရင်း ညောင်းလို့ညာလို့ ပဲ့ထောင်ကမ်းကပ်ပြီး နီးရာကမ်းပေါ်တက်လိုက်တာနဲ့ မြင်လိုက်ရတဲ့ ကွင်းကြီးတွေက တစ်မျှော်တစ်ခေါ်ပါ။ ရွာမဟုတ်တဲ့နေရာဆိုရင် မြင်ကွင်းက သုံးမျိုးပဲရှိတတ်ပါတယ်။ ဆားကွင်းဖြစ်ရင်ဖြစ်၊ ပုစွန်ကန်ဖြစ်ရင်ဖြစ်၊ ဒီနှစ်ခုမဟုတ်ရင် အများစုကတော့ လယ်ကွင်းတွေ၊ စပါးခင်းတွေပါပဲ။ ကိန်းဂဏန်းနဲ့ ကျွန်တော်မပြောနိုင်ပေမယ့် ရှုမဆုံးနိုင်လောက်အောင် စိမ်းနု ပျိုလွင် နေတဲ့စပါးခင်းတွေ၊ စိမ်းရင့်ညို့မှောင်နေတဲ့ စပါးခင်းတွေ၊ ရွှေအိုရောင် ရင့်မှည့်နေတဲ့ စပါးခင်းတွေ၊ ကောက်လှိုင်းပုံကြီးတွေ၊ ကောက်ရိုးပုံကြီးတွေ၊ ဟီးထနေတဲ့ ရိုးပြတ်ကွင်းတွေ စသဖြင့် ကျွန်တော့်မြင်ကွင်းထဲမှာ သိမှတ်စိတ်နဲ့ အကြိမ်ကြိမ်ရိုက်ခဲ့တဲ့ ဓာတ်ပုံတွေလည်း အများကြီးပါ။ လယ်တဲတွေမှာနေထိုင်ကြပြီး ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အသက်မွေးဝမ်းကျောင်းနေကြတဲ့ လယ်သမားမိသားစုတွေနဲ့လည်း ရောက်တုန်းရောက်ခိုက် မိတ်ဆွေဖြစ်ပြီး ရင်းရင်းနှီးနှီးလည်း ရှိခဲ့ကြပါတယ်။

လယ်ယာလုပ်ငန်းက စီးပွားဖြစ်ထွန်းလေတော့ အဲဒီလုပ်ငန်းကို အမှီပြုပြီး စပါးသိုလှောင်တဲ့လုပ်ငန်းတွေ၊ ကြိတ်ခွဲတဲ့ ဆန်စက်လုပ်ငန်းတွေလည်း အပြိုင်အဆိုင် ထွန်းကားဖွံ့ဖြိုးခဲ့ပါတယ်။ တန်(၁၀၀)၊ တန်(၅၀) ဆန်စက်ကြီးတွေကစပြီး ဟာလာစက်တွေအထိ မြစ်ချောင်းကမ်းနံဘေးတွေမှာ မီးခိုးတလူလူနဲ့ မြင်ခဲ့တွေ့ခဲ့ရတာလည်း အားရစရာကြီးပါပဲ။ လယ်တွေကတော့ တစ်ပိုင်တစ်နိုင် ငါးဧက၊ ဆယ်ဧက၊ ဧက ၂၀ စသဖြင့် ပိုင်သူတွေရှိသလို ဧက ၃၀၀/၄၀၀ လောက် ပိုင်ကြသူတွေလည်း မနည်းလှပါဘူး။ လှိုင်းဘုန်းက အမေကြီးတစ်ဦးဆို သူပိုင်တဲ့ လယ်တွေ ဘယ်လောက်တောင် များသလဲဆိုရင် လှိုင်းဘုန်းကနေ မနက်မိုးမလင်းခင် ပဲ့ထောင်နဲ့စထွက်ပြီး သူပိုင်တဲ့ဧရိယာကြီးကို ချောင်းရိုး မြောင်းရိုးအတိုင်း တစ်နေကုန်မောင်းပြီး မိုးစုပ်စုပ်ချုပ်တဲ့အထိ ပတ်ရင်တောင် တစ်ပတ်မပတ်မိနိုင်ဘူးလို့ ကြားခဲ့ဖူးပါတယ်။ အဲဒီလို လုပ်ငန်းရှင်ကြီးတွေမှာ လယ်သူရင်းငှားတွေ၊ သီးစားချထားတဲ့ လုပ်သားတွေ အများကြီးရှိကြပါတယ်။ ဘာပဲဖြစ်ဖြစ် တစ်ချိန်တုန်းကတော့ ငွေနည်း နည်းရှိလို့ စပါးပေးလေး ပေးထားရင်တောင် အဆင်ပြေနိုင်တဲ့ ရေခံ မြေခံကောင်းလှတဲ့ ဒေသမျိုးပါ။

အခုအချိန်မှာတော့ မုန်တိုင်းရဲ့ ဆိုးရွားကြမ်းကြုတ် ရက်စက်မှုတွေက အားလုံးကို ပြိုလဲပျက်စီးစေခဲ့ပါပြီ။ ဒါပေမယ့် ဒါကလည်း အခိုက်အတန့်သာ ဖြစ်ပါတယ်။ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းသားတွေဟာ ဘယ်အရာကိုမှ လွယ်လွယ်နဲ့ အရှုံးမပေးတတ်ကြပါဘူး။ အလားတူ နိုင်ငံတော်နဲ့ ကျန်တဲ့ မြန်မာပြည်သူ တစ်ရပ်လုံးကလည်း သူတို့ကို လျစ်လျူရှုမထားခဲ့ကြပါဘူး။ အခုဆိုရင် နိုင်ငံတော်နဲ့ ရပ်ခန်းရှင်လူ ပြည်သူတစ်ရပ်လုံးရဲ့ ကူညီပံ့ပိုးမှု၊ နိုင်ငံတကာ အလှူရှင်များရဲ့ ကူညီအားပေးမှုများနဲ့ အရာအားလုံးဟာ ပြန်လည်ရုန်းထ ရှင်သန်လှုပ်ရှားနေကြပါပြီ။ မုန်တိုင်းပြီးခါစ ကာလတွေတုန်းက အပြိုအပျက်ပုံကြီးတွေကို ကြည့်ရင်း ပြန်ပြီးနာလန်ထဖို့ အချိန်အများကြီး ယူရလိမ့်ဦးမယ်လို့ ဆိုသူတွေက ဆိုခဲ့ကြပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် လည်း သူတို့ပြောသလောက် အချိန်အကြာကြီး မဟုတ်တောင် အခုလောက် အထိ မြန်မြန်ဆန်ဆန်ကြီး ပြန်ပြီး နိုးထရုန်းသန် လာမယ်လို့ မမျှော်လင့်ခဲ့ရိုး အမှန်ပါ။ အခုတော့ ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးတွေရဲ့ အားမာန်သတ္တိနဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေကို ကျွန်တော်တို့တကယ်ပဲ အထင်ကြီးလေးစားခဲ့ရပါပြီ။

မူလကတည်းက စိတ်ဓာတ်အားမာန်၊ လုပ်အား အားမာန်တွေ နိုးကြားထက်သန်နေတဲ့ လေဘေးသင့် လယ်ယာလုပ်သားကြီးတွေအတွက် နိုင်ငံတော်နဲ့ ပြည်တွင်း၊ ပြည်ပ အလှူရှင်များရဲ့ လှူဒါန်းကူညီပံ့ပိုးမှုများက အများကြီး အထောက်အကူ ဖြစ်စေခဲ့ပါတယ်။ လေဘေးသင့် လယ်သမားကြီးများအတွက် ၁၉-၇-၂၀၀၈ ရက်နေ့အထိ စာရင်းများကို ကြည့်မယ်ဆိုရင် ကျွဲ၊ နွားပေါင်း ၂၈၁၃ ကောင် လှူဒါန်းခဲ့ရာမှာ နိုင်ငံတော်က ကျွဲ ၁၇၈၅ ကောင်၊ နွား ၄၃၃ ကောင်၊ ပြည်တွင်းလုပ်ငန်း ကုမ္ပဏီများမှ နွားအကောင် ၉၀၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများမှ ကျွဲ ၅၀၅ ကောင် ဖြစ်ပါတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးနဲ့ ဒေသအလိုက် ထွန်စက်စခန်းတွေ ဖွင့်လှစ်ပေးထားတဲ့အပြင် ထွန်စက်ကြီး သုံးစီးနဲ့ လက်တွန်းထွန်စက် ၈၅၄၆စီးကိုလည်း ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒီ ထောက်ပံ့မှုတွေမှာ နိုင်ငံတော်က လက်တွန်းထွန်စက် ၆၄၇၃ စီး၊ ပြည်တွင်း၊ ပြည်ပ လုပ်ငန်းကုမ္ပဏီများနဲ့ ရပ်ခန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များက လယ်ထွန်စက်ကြီး သုံးစီး၊ လက်တွန်းထွန်စက် ၁၇၅၇ စီး၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက လက်တွန်းထွန်စက် ၃၁၆ စီး လှူဒါန်းခဲ့ကြတာကို တွေ့ရှိရပါတယ်။

မျိုးစပါးအနေနဲ့လည်း တင်းပေါင်း ၉၇၈၇၈၂ တင်း ထောက်ပံ့လှူဒါန်းခဲ့ရာမှာ နိုင်ငံတော်က ၆၂၉၈၅၂ ဒသမ ၅ တင်း၊ ပြည်တွင်းမှ လုပ်ငန်းကုမ္ပဏီများနဲ့ ရပ်ခန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များက ၇၄၄၁၆ ဒသမ ၅တင်း၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက ၂၇၄၅၁၃ တင်းစသဖြင့် အသီးသီး ထောက်ပံ့လှူဒါန်းခဲ့ကြပါတယ်။ ပြည်တွင်းမှ ပုဂ္ဂလိက လုပ်ငန်းကုမ္ပဏီကြီးများနဲ့ ရပ်ခန်းရှင်လူ ပုဂ္ဂလိက စေတနာရှင်များကလည်း ဓာတ်မြေသြဇာ၊ ရေစုပ်စက်၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ရွက်ဖျန်းမြေသြဇာ၊ ပိုးသတ်ဆေးတို့အထိ တတ်စွမ်းသမျှ ထောင့်စေ့အောင် ထောက်ပံ့လှူဒါန်း ကူညီခဲ့ကြပါတယ်။ ဒါ့အပြင် စိုက်ပျိုးလုပ်ကိုင်မယ့် လယ်ဧကအလိုက် စိုက်ပျိုးစရိတ်ချေးငွေများကိုလည်း နိုင်ငံတော်က စာရင်းမှတ်စနစ်ဖြင့် ထုတ်ချေးပေးလျက်ရှိပါတယ်။ **ဒီလို အဘက်ဘက်က ပံ့ပိုးကူညီခဲ့တဲ့အတွက် အခုဆိုရင် လေဘေးသင့်မြို့နယ်များမှာ စပါးစိုက်ဧက ၁ ဒသမ ၈ သန်း ရှိတဲ့အနက် ၁ ဒသမ ၄ သန်းကျော် (ရာခိုင်နှုန်းအားဖြင့် ၇၆ ရာခိုင်နှုန်း) ထွန်ယက်ပြီးဖြစ်သလို ဧက ၁ ဒသမ ၁၄သန်း (ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်း) ကျော် စိုက်ပျိုးပြီးဖြစ်တယ်လို့ သိရပါတယ်။ မကြာမီမှာ ရာနှုန်းပြည့် ထွန်ယက်စိုက်ပျိုး ပြီးစီးမှာဖြစ်ပြီး ဒီဒေသများရဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုဟာ ပုံမှန်အတိုင်း ပြန်ဖြစ်လာဖို့ မဝေးတော့ဘူးလို့ ဆိုနိုင်ပါတယ်။**

ရေလုပ်ငန်းပိုင်းနဲ့ ပတ်သက်ပြီး ပြောချင်ပါသေးတယ်။ ပင်လယ်ပိုင်းဒေသဆိုတာ အနိမ့်ဆုံး လှေတစ်စင်း၊ ပိုက်တစ်ဖုံရှိရင် မိသားစု

စားဝတ်နေရေးအတွက် မပူပင် မကြေ
ကတော့ ငါးဖမ်းဝါးလတ်ဝါးတန်းလှေ
သွားလာလုပ်ကိုင်နေတဲ့ အနေအထာ
လုပ်ငန်း အထူးကို ခေတ်ကောင်းခဲ့ပြီး
ပြည့်နှက်နေခဲ့တာပါ။ ကဒုံကနိ၊ အမာ၊
သေးသေးလေးတွေကို ဝဲယာလက်တံ
တစ်လျှောက် ရှောင်လို့တောင် မလွတ်
ဘက်က ပိုက်ကြီးလှေအုပ်စုတွေကလ
တန်းကြီး သွားနေသလိုပါပဲ။ ကျွန်တေ
အောင် ဖောက်သည်ချရခြင်း ဖြစ်ပါ

အခုတော့ အခြေအနေတွေ
သင်္ဘောကြီးတွေတောင် ကုန်းပေါ်ကို
စလို့ ပိုက်ကြီးလှေ၊ ငါးပေါင်းလှေ၊
စသဖြင့် ရေနဲ့ပတ်သက်တဲ့ အရင်းအ
ပါတယ်။ မျိုးစုံလှစွာသော ငါးဖမ်းပိုက်
များစွာလည်း ပျက်စီးခဲ့ရပါတယ်။ ဒါ
ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ကျွန်
အရှုံး မပေးခဲ့ကြပါဘူး။

ရေလုပ်ငန်းသမားတွေဟာ အ
ပင်ပန်းဆင်းရဲမှုဒဏ်ကို လုံးဝဂရုမထ
ဖြစ်ကြပါတယ်။ လှေတစ်စင်းနဲ့ ပိုက်
မမှုဘူးဆိုတဲ့ သူမျိုးတွေပါ။ အဲဒီလို
ပြည်တွင်း ပြည်ပ ထောက်ပံ့ကူညီ လှ

ကျွန်တော် **မှတ်သားမိသလော
ငါးဖမ်းလှေကြီး၊ လှေငယ်များကို သက်
ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေကြပါပြီ
တာဝန်ယူပြီး ထောက်ပံ့ကူညီမှုတွေ
လှေပေါင်း ၃၁၉၀စင်း ကူညီထောက်
ကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိက စေတနာ
ဖြစ်ပါတယ်။ ငါးဖမ်းလှေများဟာ ဦး
ဓာတ်ဆီအင်ဂျင် တပ်ဆင်အသုံးပြုနိုင်
ရန်ကုန်၊ ဖျာပုံ၊ အိမ်မဲ၊ လပွတ္တာ၊ မော်
ဆောက်ရေးအလုပ်ရုံများ ဖွင့်လှစ်ပြီ
ဆက်လက်ပြီး လှေအစင်းရေပေါင်း ၉**

**အဲဒီ လှေများမှာ တပ်ဆင်အသ
၆၀၀၀ အထိ ထောက်ပံ့ပေးနိုင်ရန်
၂၅၅၅ လုံး ထောက်ပံ့ခဲ့ပြီးဖြစ်ပါတယ်
ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းများအနေ
နဲ့လည်း ကျားပိုက်ကြီးမှစပြီး ဘဝ
အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်
စာရင်းများအရ ငါးဖမ်းပိုက်မျိုးစုံ ၁၂
ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ၉၆၀၆ ဖုံဖြစ်
ကြိုး၊ ဖော့သီး၊ ခဲသီးများကိုပါ ထော
အဆင်ပြေအောင် ပံ့ပိုးထူထောင်** ပေ

အခုချိန်မှာ ဆားလုပ်ငန်းသမား
ပြန်လည်ဆောင်ရွက်နိုင်ဖို့ ရေနက်တာ

**လေဘေးသင့် လယ်သမားကြီးများအတွက် ၁၉-၇-၂၀၀၈ ရက်
ကျွဲ၊ နွားပေါင်း ၂၈၁၃ ကောင် လှူဒါန်းခဲ့ရာမှာ နိုင်ငံတော်က ကျွ
ပြည်တွင်းလုပ်ငန်းကုမ္ပဏီများမှ နွားအကောင် ၉၀၊ ပြည်ပနိုင်ငံနှ
ဖြစ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းနိုင်ရမယ်ဆို
ထွန်စက်စခန်းတွေ ဖွင့်လှစ်ပေးထားတဲ့အပြင် ထွန်စက်ကြီး သုံးစီးနဲ့
ထောက်ပံ့ပေးနိုင်ခဲ့။ အဲဒီ ထောက်ပံ့မှုတွေမှာ နိုင်ငံတော်က လက်
ပြည်ပ လုပ်ငန်းကုမ္ပဏီများနဲ့ ရပ်ခန်းရှင်လူ ပုဂ္ဂလိက စေတန
လက်တွန်းထွန်စက် ၁၇၅၇ စီး၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်း
လှူဒါန်းခဲ့ကြတာကို တွေ့ရှိရ။**

စားဝတ်နေရေးအတွက် မပူပင် မကြောင့်ကြဘဲ သက်မွေးနေထိုင်နိုင်တဲ့ ဒေသမျိုးဖြစ်ပါတယ်။ မူလတုန်းကတော့ ငါးဖမ်းဝါးလတ်ဝါးတန်းလှေတွေ၊ ငါးပေါင်းလှေတွေ၊ မျှောပိုက်လှေကြီးတွေ ဥဒဟို ဝင်ထွက်သွားလာလုပ်ကိုင်နေတဲ့ အနေအထားမျိုးပါ။ ဖျာပုံ၊ ဘိုကလေးဘက်မှာဆိုရင် ဘုံကျောင်း ကျားပိုက်လုပ်ငန်း အထူးကို ခေတ်ကောင်းခဲ့ပြီး ပင်လယ်ဝမှာ ကျားပိုက်ဖောင်တွေ တစ်မျှော်တစ်ခေါ် ရှုမဆုံးအောင် ပြည့်နှက်နေခဲ့တာပါ။ ကဒုံကနီ၊ အမာ၊ ကြိမ်ချောင်းကြီး တစ်ဝိုက်မှာဆိုရင်လည်း "ငွေး"လို့ခေါ်တဲ့ ပုစွန်ဆိတ်သေးသေးလေးတွေကို ဝဲယာလက်တံ နှစ်ဖက်မှာ ပိုက်အိတ်ချပြီး ဖမ်းတဲ့ ငွေးဖောင်တွေက ရေကြောင်းတစ်လျှောက် ရှောင်လို့တောင် မလွတ်ချင်ပါဘူး။ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ ချောင်းဝ၊ စလူဆိပ်၊ ပြင်စလူဘက်က ပိုက်ကြီးလှေအုပ်စုတွေကလည်း အထိအမိများလို့ သူတို့ဝင်ချိန် ထွက်ချိန်ဆိုရင် ပုရွက်ဆိတ်တန်းကြီး သွားနေသလိုပါပဲ။ ကျွန်တော်မှတ်မိနေတဲ့ ပင်လယ်ပိုင်းက ရေလုပ်ငန်းအခြေအနေကို မြင်သာအောင် ဖောက်သည်ချရခြင်း ဖြစ်ပါတယ်။

အခုတော့ အခြေအနေတွေဟာ အများကြီးပြောင်းလဲသွားခဲ့ပါပြီ။ ဒီရေလှိုင်းကြီးတွေကြောင့် သင်္ဘောကြီးတွေတောင် ကုန်းပေါ်ကို ထီးထီးကြီး ရောက်ရှိသွားတဲ့ အခြေအနေမျိုးမှာ ဝါးတန်း၊ ဝါးလတ်ကစလို့ ပိုက်ကြီးလှေ၊ ငါးပေါင်းလှေ၊ ကျားဖောင်၊ ငွေးဖောင်၊ ချွန်း၊ ဖားကူး၊ လိုင်းကောင်၊ ပဲ့ထောင်စသဖြင့် ရေနဲ့ပတ်သက်တဲ့ အရင်းအမြစ်တော်တော်များများ ပျက်စီးပြီး ရေအောက်ကို ရောက်ခဲ့ကြရပါတယ်။ မျိုးစုံလှစွာသော ငါးဖမ်းပိုက်တွေလည်း ပျောက်ဆုံးပျက်စီးခဲ့ရပါတယ်။ ငါးကန်၊ ပုစွန်ကန်ပေါင်းများစွာလည်း ပျက်စီးခဲ့ရပါတယ်။ ဒါပေမယ့် ဒီပျက်စီးဆုံးရှုံးမှုတွေကို ဒီအတိုင်းထိုင်ကြည့်နေလို့ ကတော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။ ကျွန်တော့် ဆွေမျိုးများကလည်း လောကဓံတရားကို ခေါင်းငုံ့လက်မြှောက် အရှုံး မပေးခဲ့ကြပါဘူး။

ရေလုပ်ငန်းသမားတွေဟာ အကြမ်းပတမ်းခံနိုင်ပြီး တကယ်ကို မာကျောကြသူတွေ ဖြစ်ပါတယ်။ ပင်ပန်းဆင်းရဲမှုဒဏ်ကို လုံးဝဂရုမထားတတ်တဲ့၊ စွန့်လွှတ်စွန့်စားရဲတဲ့ စိတ်ဓာတ်ကြံ့ခိုင်ကြသူများလည်း ဖြစ်ကြပါတယ်။ လှေတစ်စင်းနဲ့ ပိုက်တစ်ဖုံသာရှိရင် ဒီမြစ် ဒီချောင်း စီးဆင်းရစ်ခွေနေသရွေ့ ဘာကိုမှ မမှုဘူးဆိုတဲ့ သူမျိုးတွေပါ။ အဲဒီလို ကိုယ်ရောစိတ်ပါ ကြံ့ခိုင် မာကျောသူများအတွက် နိုင်ငံတော်နဲ့ ပြည်တွင်း ပြည်ပ ထောက်ပံ့ကူညီ လှူဒါန်းမှုများက ဘဝအသစ်ကို ပြန်လည်မွေးဖွား ပေးနိုင်ခဲ့ပါပြီ။

ကျွန်တော် **မှတ်သားမိသလောက် ပြောရရင် လုပ်ငန်းကြီးသမားများအနေနဲ့ နစ်မြုပ်ဆုံးရှုံးခဲ့တဲ့ ငါးဖမ်းလှေကြီး၊ လှေငယ်များကို သက်ဆိုင်ရာဌာနများရဲ့ အကူအညီနဲ့ ပြန်လည်ဖော်ယူ၊ ပြန်လည်ပြုပြင်ပြီး ငါးဖမ်းလုပ်ငန်းတွေ ပြန်စနေကြပါပြီ။ လုပ်ငန်းငယ်သမားတွေ အတွက်လည်း နိုင်ငံတော်က အဓိကတာဝန်ယူပြီး ထောက်ပံ့ကူညီမှုတွေ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ၁၉-၇-၂၀၀၈ ရက်နေ့အထိ ငါးဖမ်းလှေပေါင်း ၁၁၉၀စင်း ကူညီထောက်ပံ့ပေးခဲ့ရာမှာ နိုင်ငံတော်အပိုင်းက ၁၁၁၇ စင်းနဲ့ ပြည်တွင်းလုပ်ငန်းကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိက စေတနာရှင်များက ၂၃ စင်း၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက အစင်း ၅၀ ဖြစ်ပါတယ်။ ငါးဖမ်းလှေများဟာ ဦးချွန်းပဲ့ချွန်း လှေအလျား ၂၁ ပေရှိပြီး မြင်းကောင်ရေ ၆ ဒသမ ၅ ဓာတ်ဆီအင်ဂျင် တပ်ဆင်အသုံးပြုနိုင်ပါတယ်။ ငါးဖမ်းလှေများကို တည်ဆောက်နိုင်ဖို့အတွက် နိုင်ငံတော်က ရန်ကုန်၊ ဖျာပုံ၊ အိမ်မဲ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ မြောင်းမြ၊ ပုသိမ် စတဲ့မြို့များမှာ လှေတည်ဆောက်ရေးအလုပ်ရုံများ ဖွင့်လှစ်ပြီး ကျွမ်းကျင်ပညာရှင်များနဲ့ တည်ဆောက်ပေးခဲ့တာဖြစ်ပါတယ်။ ဆက်လက်ပြီး လှေအစင်းရေပေါင်း ၉၅၀၀ အထိ တည်ဆောက်ပေးသွားဖို့ရှိကြောင်း သိရှိရပါတယ်။**

အဲဒီ လှေများမှာ တပ်ဆင်အသုံးပြုနိုင်ဖို့အတွက် မြင်းကောင်ရေ ၆ ဒသမ ၅ အင်ဂျင်အလုံးပေါင်း ၆၀၀၀ အထိ ထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လောလောဆယ်မှာ နိုင်ငံတော်က အင်ဂျင် ၂၄၅၅ လုံး ထောက်ပံ့ခဲ့ပြီးဖြစ်ပါတယ်။ ပြည်တွင်းလုပ်ငန်း ကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိကစေတနာရှင်များ၊ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းများအနေနဲ့ အင်ဂျင်စက်ထောက်ပံ့မှု မတွေ့ရှိရသေးပါဘူး။ ငါးဖမ်းပိုက်အနေနဲ့လည်း ကျားပိုက်ကြီးမှစပြီး ဘဝန်း၊ သုံးထပ်မျှောပိုက်၊ ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက် အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်း/ဂေါ်ထိုးပိုက်များအထိ လိုအပ်မှုအလိုက်ပံ့ပိုးပေးခဲ့ကြပါတယ်။ စာရင်းများအရ ငါးဖမ်းပိုက်မျိုးစုံ ၁၂၇၀၉ဖုံ ထောက်ပံ့ပေးခဲ့ရာမှာ နိုင်ငံတော်မှ ၃၁၀၃ ဖုံနဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ၉၆၀၆ ဖုံဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ ကြိုး၊ ဖော့သီး၊ ခဲသီးများကိုပါ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ စက်သုံးဆီများကိုလည်း စာရင်းမှတ်စနစ်နဲ့ အဆင်ပြေအောင် ပံ့ပိုးထူထောင် ပေးသွားမှာဖြစ်ပါတယ်။

အခုချိန်မှာ ဆားလုပ်ငန်းသမားတွေအတွက် ရာသီချိန် မဟုတ်သေးပါဘူး။ သို့သော် ဆားကွင်းတွေ ပြန်လည်ဆောင်ရွက်နိုင်ဖို့ ရေငန်တားတမံတွေ အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးနေသလို ရာသီချိန်

...တွက် ၁၉-၇-၂၀၀၈ ရက်နေ့အထိ စာရင်းများကို ကြည့်မယ်ဆိုရင် ...ဒါန်းခဲ့ရာမှာ နိုင်ငံတော်က ကျွဲ ၁၇၈၅ ကောင်၊ နွား ၄၃၃ ကောင်၊ ...ကောင် ၉၀၊ ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများမှ ကျွဲ ၅၀၅ ကောင် ...ယာသို့ ပြောင်းနိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးနဲ့ ဒေသအလိုက် ...အပြင် ထွန်စက်ကြီး သုံးစီးနဲ့ လက်တွန်းထွန်စက် ၈၅၄၆ စီးကိုလည်း ...တွေမှာ နိုင်ငံတော်က လက်တွန်းထွန်စက် ၆၄၈၃ စီး၊ ပြည်တွင်း၊ ...န်းရှင်လှူ ပုဂ္ဂလိက စေတနာရှင်များက လယ်ထွန်စက်ကြီး သုံးစီး၊ ...ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများက လက်တွန်းထွန်စက် ၃၁၆ စီး

ပြည်တွင်းလုပ်ငန်း ကုမ္ပဏီကြီးများနဲ့ ပုဂ္ဂလိကစေတနာရှင်များ၊ ပြည်ပနိုင်ငံနဲ့ အဖွဲ့အစည်းများအနေနဲ့ အင်ဂျင်စက်ထောက်ပံ့မှု မတွေ့ရှိရသေး။ ငါးဖမ်းပိုက်အနေနဲ့လည်း ကျားပိုက်ကြီးမှစပြီး ဘဝန်း၊ သုံးထပ်မျှောပိုက်၊ ငါးသလောက်မျှောပိုက်၊ ကွင်းတားပိုက် အပါအဝင် လက်ပစ်ကွန်နှင့် ရင်တွန်း/ဂေါ်ထိုးပိုက်များအထိ လိုအပ်မှုအလိုက် ပံ့ပိုးပေးခဲ့ကြ။ စာရင်းများအရ ငါးဖမ်းပိုက်မျိုးစုံ ၁၂၇၀၉ ဖုံ ထောက်ပံ့ပေးခဲ့ရာမှာ နိုင်ငံတော်မှ ၃၁၀၃ ဖုံနဲ့ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ၉၆၀၆ ဖုံဖြစ်ကြောင်း တွေ့ရှိရ။ ဒါ့အပြင် ဆက်စပ်ပစ္စည်းတွေဖြစ်တဲ့ ကြိုး၊ ဖော့သီး၊ ခဲသီးများကိုပါ ထောက်ပံ့ပေးနိုင်ခဲ့။ စက်သုံးဆီများကိုလည်း စာရင်းမှတ်စနစ်နဲ့ အဆင်ပြေအောင် ပံ့ပိုး ထူထောင်ပေးသွားမှာဖြစ်။

ကျရင် လုပ်ငန်းအတွက် လိုအပ်တဲ့ အဆောက်အအုံနဲ့ပစ္စည်းများ ပြန်လည် မ,တည်နိုင်ဖို့ ငွေကြေးထောက်ပံ့မှု အစီအမံများ ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်အပိုင်းက ကိုယ့်ပြည်သူတွေအတွက် လုပ်ပေးနိုင်တာအားလုံး မခြွင်းမချန် လုပ်ပေးနေတာပါပဲ။ လယ်လုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းတွေအပြင် ကုန်သည် ဈေးသည်များအတွက်ပါ စာရင်းမှတ်စနစ်ဖြင့် မ,တည်ငွေများ ထုတ်ပေးလျက်ရှိပါတယ်။ ဈေးဆိုင်ဖွင့်ရောင်းချသူတွေအတွက် ကျပ်ငါးသိန်းမှ ၁၅ သိန်းအထိ၊ ဆန်ရောင်းချသူတွေအတွက် ကျပ် ၁၅ သိန်းအထိ မ,တည်ငွေများကို စာရင်းမှတ်စနစ်နဲ့ ထုတ်ပေးပြီး အချိန်တိုအတွင်း လုပ်ငန်းတွေ ပြန်လည်ထူထောင်ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးနေတယ်လို့လည်း သိရပါတယ်။

ကျွန်တော့်ဆွေမျိုးများရဲ့ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းဒေသဟာ တစ်ချိန်တုန်းက အလွန်သာယာပျော်ရွှင်ဖို့ ကောင်းတဲ့ နေချင့်စဖွယ် နိဗ္ဗာန်ဘုံကလေးဖြစ်ပါတယ်။ အခုတော့ အဲဒီနိဗ္ဗာန်ဘုံကလေးကို ပြန်လည်ထူထောင် တည်ဆောက်နိုင်ဖို့ အားလုံးက ဝိုင်းဝန်းကြိုးပမ်း ပံ့ပိုးကူညီ စောင့်ရှောက်နေကြရပါတယ်။ အခုကျွန်တော် တင်ပြခဲ့တဲ့ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများပြန်လည်ထူထောင်မှုအတွက် လှူဒါန်းထောက်ပံ့ကူညီမှုတွေကို ပြန်သုံးသပ်ကြည့်ရင် နိုင်ငံတော်အပိုင်းက အဓိကကျလှပြီး ပြည်တွင်းမှ ကုမ္ပဏီကြီးများ၊ ရပ်ာန်းရှင်လှူ ပုဂ္ဂလိက စေတနာရှင်များရဲ့ အခန်းကဏ္ဍကလည်း မသေးလှကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိပါတယ်။ ကျွန်တော်တို့အားလုံးအနေနဲ့ လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့် ဝိုင်းဝန်းကြိုးပမ်းစွမ်းဆောင်ကြမှသာ မြစ်ဝကျွန်းပေါ် ပင်လယ်ပိုင်းက ကျွန်တော့်ဆွေမျိုးများရဲ့ နိဗ္ဗာန်ဘုံကလေးကို အမြန်ဆုံး ပြန်လည်တွေ့မြင်ရမှာဖြစ်ကြောင်း အားပေးတိုက်တွန်းလိုက်ပါတယ်။ ။

စိုက်ပျိုးရေးလုပ်ငန်း အထောက်အကူပစ္စည်းများ ထောက်ပံ့မှု၊ လှူဒါန်းမှု စာရင်းချုပ် (၁၉-၇-၂၀၀၈ ထိ)

စဉ်	လှူဒါန်းသူ	ကျွဲ	နွား	လယ်ထွန်စက် (စီး)	လက်တွန်းထွန်စက် (စီး)	မျိုးစပါး (တင်း)	ဓာတ်မြေဩဇာ (အိတ်)	ရေစုပ်စက် (စုံ)	ဟင်းသီးဟင်းရွက်မျိုးစေ့	ရွက်ဖျန်းမြေဩဇာ (ပုလင်း)	ပိုးသတ်ဆေး (ပုလင်း)
၁	နိုင်ငံတော်	၁၇၈၅	၄၃၃	-	*၆၄၈၃	***၆၂၉၈၅၂.၅		၁၁၀			
၂	ပြည်တွင်းမှ လုပ်ငန်းကုမ္ပဏီကြီးများ၊ ရပ်ာန်းရှင်လှူ ပုဂ္ဂလိကစေတနာရှင်များ	-	၉၀	၃	၁၀၅၇ **၇၀၀	၇၄၄၁၆.၅	၅၉၄	၂၃	၁၉၄ ဗာ ၂၄၀၀ ကီလို	၈၁၂၃	၂၄၃၈၀
၃	ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများ	၅၀၅	-	-	၃၁၆	၂၇၄၅၁၃					
	စုစုပေါင်း	၂၈၁၃		၃	၈၅၄၆	၉၇၈၇၈၂	၅၉၄	၁၅၃	၁၉၄ ဗာ ၂၄၀၀ ကီလို	၈၁၂၃	၂၄၃၈၀

မှတ်ချက်

***   နိုင်ငံတော်မှ စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်းဖြစ်ပါသည်။**

**** ကုမ္ပဏီမှ စာရင်းမှတ်စနစ်ဖြင့် ထုတ်ပေးခြင်း ဖြစ်ပါသည်။**

***** နိုင်ငံတော်မှ စာရင်းမှတ်စနစ်ဖြင့် ဝယ်ယူထုတ်ပေးခြင်းဖြစ်ပါသည်။**

ရေလုပ်ငန်းသုံးအထောက်အကူပစ္စည်းများ ထောက်ပံ့မှု၊ လှူဒါန်းမှုစာရင်းချုပ် (၁၉-၇-၂၀၀၈ ထိ)

စဉ်	လှူဒါန်းသူ	ငါးဖမ်းလှေ (စင်း)	အင်ဂျင်စက် (လုံး)	ငါးဖမ်းပိုက် (ဖုံ)	မှတ်ချက်
၁	နိုင်ငံတော်	၁၁၁၇	၂၄၅၅	၃၁၀၃	ငါးဖမ်းပိုက်မျိုးစုံ
၂	ပြည်တွင်းမှလုပ်ငန်းကုမ္ပဏီကြီးများ၊ ပုဂ္ဂလိကစေတနာရှင်များ	၂၃	-	၉၆၀၆	ငါးလုပ်ငန်းအဖွဲ့ချုပ်
၃	ပြည်ပနိုင်ငံနှင့် အဖွဲ့အစည်းများ	၅၀	-	-	
	စုစုပေါင်း	**၁၁၉၀**	**၂၄၅၅**	**၁၂၇၀၉**	

မှတ်ချက်

၁။ ငါးဖမ်းလှေမှာ ၂၁ ပေ အရှည်ရှိပြီး လှေစင်းရေပေါင်း ၉၅၀၀ အထိ ထောက်ပံ့သွားမည် ဖြစ်ပါသည်။

၂။ အင်ဂျင်စက်မှာ ၆ ဒသမ ၅ မြင်းကောင်ရေရှိ စက်အလုံးပေါင်း ၆၀၀၀ အထိ ထောက်ပံ့သွားမည် ဖြစ်ပါသည်။

အတည်ပြုချိန် ၃း၃၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် တပ်ကုန်း ဆရာစံရပ်ကွက်ရှိ မဟာဇနကစာသင်တိုက် မဟာဇနကဝဏ္ဏဗိမာန်တော်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားသို့ နေပြည်တော် တပ်ကုန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြို့မ မဟာသီဟနာဒစာသင်တိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အာစိဏ္ဏနှင့် မဟာဇနကစာသင်တိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝဏ္ဏရဟ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ဇနီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းများမှ အထွေထွေမန်နေဂျာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်းများ၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာဇနကစာသင်တိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝဏ္ဏရဟထံမှ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအမှူးပြုသော ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မဟာသီဟနာဒစာသင်တိုက် ပဓာန နာယကဆရာတော်အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ အာစိဏ္ဏထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမှူးပြုသော ပရိသတ်တို့က သာဓုအနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ပရိသတ်တို့က ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ပရိသတ်များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်၏ ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာ ပထမအကြိမ်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၇

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၏ ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၈)ရပ်ကွက် အောင်မြေလမ်းရှိ အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ ကျောင်းတိုက်ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒာဝရထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်များအား ပရိသတ်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ (သတင်းစဉ်)

သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ ဒေသဖွံ့ဖြိုးရေးလျှပ်စစ်မီးဖွင့်ပွဲနှင့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကွမ်းမိုးဒိန်း မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဦးဆောင်၍ မန္တလေးမြို့ ရတနာပုံဈေး မွန်းအိုင်းအထည်ဆိုင်ပိုင်ရှင် ဦးမျိုးမျိုး-ဒေါ်အပ်ကျိန်း(ခ) ဒေါ်မြင့်မြင့်အေး မိသားစုတို့က ငွေကျပ်သိန်း ၁၈၀ အကုန်အကျခံကာ တစ်ဦးတည်း ဆောက်လုပ်လှူဒါန်းသည့် မွန်းအိုင်း သံဃာ့ဆေးကုသဆောင်ဖွင့်ပွဲ၊ ခရမ်းမြို့နယ် ကွမ်းမိုးဒိန်းစံပြကျေးရွာ၌ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသဦးဆောင်၍ တည်ဆောက်ပြီးဖြစ်သည့် ကွမ်းမိုးဒိန်းစံပြကျေးရွာ လျှပ်စစ်မီးဖွင့်ပွဲနှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ် သံဃာတော်များအား စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို (၁၃၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁ ရက်) ဩဂုတ် ၂ရက် (စနေနေ့)တွင် ခရမ်းမြို့ ပြည်သူ့ဆေးရုံအတွင်းနှင့် ကွမ်းမိုးဒိန်းစံပြကျေးရွာ သာသနဇောတိက မစိုးရိမ်တိုက်သစ်အတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မဟာဆေးဝက်ဘာ ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် မဟာဆေးဝက်ဘာကျောင်းတိုက် ပဓာန နာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မအားအမှူးထား၍ ဝါတွင်းကာလ ရှစ်ရက်၊ လပြည့်၊ လကွယ်နေ့တိုင်း ဥပုသ်ရက်များတွင် ရွှေကျောင်းပေါ်၌ နံနက် ၉ နာရီမှ ၁၀ နာရီအထိ သီလပေးပွဲများနှင့် မွန်းလွဲ ၁ နာရီခွဲတွင် ဆရာတော်၏တပည့် ဦးပညာစာရနှင့် ဦးပညာသိဒ္ဓိတို့က တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ရာ တရားချစ်ခင်သူများအနေဖြင့် ဥပုသ်နေ့တိုင်း တရားတော်နာကြွရောက်နိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)

ဖလားဝါးနယူးစ်ဂျာနယ်အတွဲ(၄)၊ အမှတ်(၂၉)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၂၉)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ ဘဝကားမောင်းခြင်း(၁) “ရှေ့မှာကွေ့မလား ဘရိတ်နင်းထား”၊ အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ ပင်လယ်ဓားပြများ၏ ပြန်ပေးဆွဲခံခဲ့ရသော မြန်မာသင်္ဘောသားများပြန်ရောက်ပြီ၊ ပါရမီတက္ကစီများတွင် မိုဘိုင်းလ်ဖုန်းသုံးနိုင်ရန်စီစဉ်၊ စင်ကာပူတွင် နှစ်နှစ်ဖြင့် ဘွဲ့ယူနိုင်ရန် မြန်မာတွင် အကြိုသင်တန်းတက်နိုင်ပြီ၊ လေဘေးသင့်ဒေသများတွင် အခမဲ့ငါးဖမ်းခွင့် သုံးလပေးထားသော်လည်း အချို့ဒေသများတွင် ဖမ်းဆီးခွင့်မရကြ၊ WCDMA ဖုန်းများ ဗီဒီယိုနှင့် စာတိုပို့စနစ် အသုံးပြုနိုင်ပြီ၊ ပြည်တွင်းထုတ် မှုရင်းခွေများ ဆင်ဆာခွင့်ပြုချက်ဖြင့် ပြည်ပသို့ တင်ပို့နိုင်၊ အမျိုးသမီးများ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် တက်ခွင့်ရတော့မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ တစ်ပတ်ထဲမှာပြောစရာ(Quotes of the Week) ကဏ္ဍ၊ မီးရထားစီးလာပါ၊ ထိခိုက်ဒဏ်ရာရပြီးနောက် ခံစားရသော စိတ်ဖိစီးမှုဝေဒနာ(၅)... စသော မျက်မှောက်ရေးရာ ရှုမြင်သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

အီရတ်မှာရှိတဲ့ နိုင်ငံတကာတပ်ဖွဲ့တွေအတွက် အချိန်ကန့်သတ်မှုဆိုတာ ရှိသင့်ပါတယ် အီရတ်ဝန်ကြီးချုပ် အယ်လ်မာလီကီနှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာလေသလား ဟောင်ကောင်သူဌေးကြီးနှင့် ချစ်ဦးသူတို့၏ မဖြောင့်ဖြူးလေသော ချစ်ခရီးက သက်သေပြ၊ ဂျပန်ဖခင်နှင့် တရားမဝင် မွေးလာသော ကလေးကို နိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးမည်၊ ဒုတိယကမ္ဘာစစ်အတွင်းက ဂျူးလူမျိုးများကို သတ်ဖြတ်ခဲ့သူ ဖမ်းမိရန် နီးကပ်လာပြီ၊ အာဆီယံဖွဲ့စည်းပုံဥပဒေက အဖွဲ့ဝင်နိုင်ငံများကို ပို၍တောင့်တင်းခိုင်မာစေမည်၊ ထိုင်းဆယ်ကျော်သက် ပုရိသများ လိင်ပြောင်းလဲခွဲစိတ်ရန်လိုလား၊ မင်္ဂလာမောင်နှံ ဝေးတစ်မြေခြားသော်လည်း ဖုန်းဖြင့် သစ္စာအဓိဋ္ဌာန်ပြု၊ ဖော့ဘ်စ်ဂျာနယ်မှ ရွေးချယ်ထားသည့် နာမည်ကျော်စာရင်းထဲ ရိန်းပါဝင်ပြန်၊ လူငယ်များကိုယ်ပိုင်စီးပွားရေး ပိုမိုလုပ်ဆောင်ကြရန် စင်ကာပူ ဝန်ကြီးချုပ် တိုက်တွန်း၊ ဖိလစ်ပိုင်လူမျိုး တစ်သောင်းကျော်ခန့် အီရတ်၌ တရားမဝင် အလုပ်လုပ်ကိုင်နေစသည့် နိုင်ငံတကာရေးရာသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေးဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့်e-Empire Media Houseကမြန်မာတစ်ပြည်လုံးဖြန့်ချိလိုက်ပြီဖြစ်သည်။(သတင်းစဉ်)

နောက်ဆုံးကမ္ဘာ့ဖြစ်ပေါ်မှုသတင်း

အစ္စတန်ဘူလ်မြို့တွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ပွား၍ ၁၃ ဦးသေဆုံး

အစ္စတန်ဘူလ် ဇူလိုင် ၂၇ (မြန်မာစံတော်ချိန် ဇူလိုင် ၂၈ နံနက် ၀၂း၂၀ နာရီ)

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့ လူနေရပ်ကွက်တစ်ခုတွင် တနင်္ဂနွေနေ့ညပိုင်းက ပေါက်ကွဲမှုနှစ်ခု ဆက်တိုက်ဖြစ်ပွားရာ လူအများအပြား သေကျေဒဏ်ရာရသွားကြောင်းသတင်းရရှိသည်။ ယင်းပေါက်ကွဲမှုများနှင့်စပ်လျဉ်း၍ တူရကီရုပ်မြင်သံကြားကထုတ်လွှင့်ရာတွင် ဓာတ်ငွေ့ပေါက်ကွဲမှုများဖြစ်ပွား၍ လူရှစ်ဦးသေဆုံးပြီး ဒဏ်ရာရသူ ၃၀ခန့်ကို ဆေးရုံသို့တင်ပို့လိုက်ရကြောင်းဖော်ပြသွားခဲ့သည်။ အစ္စတန်ဘူလ်မြို့အုပ်ချုပ်ရေးမှူးကမူ ၁၃ဦးသေဆုံးပြီး၊ ၇၀ခန့်ဒဏ်ရာရရှိသွားကြောင်း စီအင်န်အင်န်ရုပ်မြင်သံကြားသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့ကမူ ယင်းပေါက်ကွဲမှုနှစ်ခုမှာ ဗုံးပေါက်ကွဲမှုများဖြစ်ဖွယ်ရှိကြောင်း၊ အကယ်၍ဗုံးပေါက်ကွဲမှုများဖြစ်သည်ဆိုပါက ယင်းပေါက်ကွဲမှုနှစ်ခုမှာ ဆက်စပ်မှုရှိနိုင်ကြောင်းနှင့် အိန္ဒိယနိုင်ငံ အာမက်ဒါဗက်မြို့တွင် ယမန်နေ့ကဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ၏ ကွင်းဆက်များဖြစ်ဖွယ်ရှိကြောင်း သုံးသပ်ပြောကြားသည်။ ***(အင်တာနက်)***

လုံးချောက စိန်ခေါ်သူဝဏ္ဏကို ဒုတိယအချီ၌ အလဲထိုးဖြင့်နိုင် ဖိုးကေက ပထမအချီစက္ကန့်ပိုင်းမှာပင် စောဂပရေမှူးကို အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၇

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ H&S Group မှ စီစဉ်ကာ စူပါကွေကာမှ ပံ့ပိုးကူညီကျင်းပသည့် အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ် (၄) စူပါကွေကာ မြန်မာပြည်ချန်ပီယံ ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပရာ ထပ်ဆင့် မြန်မာပြည်ချန်ပီယံ လုံးချော (ညောင်တုန်း)က စိန်ခေါ်သူ ဝဏ္ဏ (မျိုးဇာနည်)ကို ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ ယနေ့ ကျင်းပသော ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို ပရိသတ်များ တစ်ခဲနက်လာရောက်အားပေးကြရာ စံချိန်တင်ခဲ့ကြောင်း သိရှိရသည်။

လေးချီ စိန်ခေါ်ပွဲနှစ်ပွဲတွင် စနေထွန်း (မြန်မာ့သွေးသစ်)နှင့် လင်းယုန် (ရက္ခဗျာလ)တို့ ပူးတွဲသရေကျသွားပြီး သတ္တိသွေး (မျိုးဇာနည်)က နဂါး (မြန်မာ့သွေးသစ်) ကို ပထမအချီမှာပင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။

ငါးချီ စိန်ခေါ်ပွဲတွင် မိုးသီး (မြန်မာပြည်သား) နှင့် ကချင်လေး (ဘိလပ်မြေစက်ရုံ) တို့၏ ပွဲမှာ ပရိသတ်အကြိုက်တွေ့ခဲ့သော ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင်များဖြစ်သလို လက်ဝှေ့ပညာကလည်း မတိမ်းမယိမ်းရှိသောကြောင့် ဘတစ်ပြန်ကျားတစ်ပြန်ရှိခဲ့သည်။ ကချင်လေး၏ လက်သီးချက်များကြောင့် မိုးသီးမျက်နှာကွဲသွားရသလို မိုးသီး၏ ထိုးသတ်မှုများကြောင့်လည်းကချင်လေး အထိနာခဲ့ရသည်။ ငါးချီအပြည့်တွင် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြစ်သွားသည်။ ဆက်ထူးအောင် (တောင်ကလေး) နှင့် ရွှေမိုးကောင်း (ဘိလပ်မြေစက်ရုံ) တို့ပွဲမှာ လက်သီးချင်း အားပြိုင်သည့်ပွဲဟု ဆိုရလောက်အောင် လက်သီးသံများ တစ်ခွပ်ခွပ်ထွက်ပေါ်ခဲ့သည်။ နှစ်ဦးစလုံး အထိနာခဲ့ပြီး သရေပွဲဖြင့်သာ အဆုံးသတ်ခဲ့သည်။

ဂဠုန်မင်း (မျိုးဇာနည်)နှင့် သိန်းဈာန် (ရက္ခဗျာလ) တို့ပွဲတွင် ဂဠုန်မင်းက ဒုတိယအချီ ၂ မိနစ် ၂၈ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ လက်ရည်အရ နှစ်ဦးစလုံးကွာခြားမှုမရှိသော်လည်း ဂဠုန်မင်းက ထိချက်မှန်အောင်ထိုးနိုင်သဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။ ရန်နိုင်အောင် (တောင်ကလေး) နှင့် ဒိန်း (မြန်မာ့သွေးသစ်)တို့၏ ပွဲမှာ ပရိသတ်၏ လက်ခုပ်သံကို ရရှိခဲ့သော ပွဲဖြစ်သည်။ လွတ်ဟော့ဆိုသည်နှင့် တစ်ပြိုင်တည်း ရန်နိုင်အောင်ရော ဒိန်းပါ လက်သီးချင်းဆိုင်ထိုး၊ ပြိုင်ထိုး၊ ခြေအနင်းအတားများဖြင့် တရစပ်ထိုးသတ်ကြသည်၊ နှစ်ဦးစလုံး မရှောင်စတမ်းဖွင့်ထိုးကြ၍ အထိနာခဲ့ကြပြီး ပထမအချီမပြီးခင်မှာပင် နှစ်ဦးစလုံး သက်လုံကျကာ လက်ရည်အားပျော့လာသည်။ တတိယအချီ ၂ မိနစ် ၃၀စက္ကန့်တွင် ကြိုးဝိုင်းထောင့်နားရောက်နေသော ဒိန်းကို ရန်နိုင်အောင်က ပွဲသိမ်းဒူးပစ်သွင်းကာအလဲထိုးဖြင့် အနိုင်ရရှိသွားသည်။ မုန်တိုင်း (မျိုးဇာနည်) နှင့် မိုက်တိုင်စန် (အလင်းရောင်) တို့ပွဲတွင် အရှုံးအနိုင်မပေါ်ဘဲ သရေပွဲဖြင့် ပြီးဆုံးသွားသည်။

ယနေ့ စိန်ခေါ်ပွဲများထဲမှ ပရိသတ်မျှော်လင့်နေသော ပွဲစဉ်တစ်ပွဲဖြစ်သည့် ဖိုးကေ(မန္တလေး)နှင့် စောဂပရေမှူး (တွံတေး) တို့ပွဲ ယှဉ်ပြိုင်ကြသည်။ ၂၀၀၇ခုနှစ် ပြည်နယ်နှင့်တိုင်း ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် လက်စွမ်းပြပြီး ရွှေတံဆိပ်ရယူခဲ့သည့် ဖိုးကေကို ပရိသတ်အကြိုက်တွေ့ခဲ့သောကြောင့် ယခုပွဲတွင်လည်း ပွဲမစတင်မီကတည်းက ပရိသတ်များက အားပေးခဲ့ကြသည်။ ဝါးရင်းတုတ်ဖိုးကေဟု နာမည်ကြီးနေသည့် ဖိုးကေမှာ ယခုပွဲတွင် လက်စွမ်းပြခွင့်မရလိုက်ပေ။ ပြီးခဲ့သည့်အသည်းကောင်းလို့ပွဲတောင်းသူများ ပွဲစဉ် (၃)တွင် မထင်မှတ်ဘဲ ရှုံးနိမ့်ခဲ့သော ဖိုးကေမှာ ယခုပွဲအတွက် အသေအချာ ပြင်ဆင်ထားသော်လည်း ပြိုင်ဘက်ဖြစ်သူ စောဂပရေမှူးမှာ ပထမအချီ ၂၅စက္ကန့်မှာပင် မျက်ခုံးကွဲပြီး ဆေးအရှုံးသတ်မှတ်ခံရ၍ လက်စွမ်းမပြလိုက်ရဘဲ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ပရိသတ်အကြိုက် ပွဲစဉ်တစ်ခုဖြစ်သည့် စစ်သွေး(ဘိလပ်မြေစက်ရုံ) နှင့် ဒေါဂျစ် (လယ်/ဆည်) ပွဲတွင်လည်း နှစ်ဦးစလုံး အိတ်သွန်ဖာမှောက် ထိုးသတ်ကြသည်။ ၂၀၀၇ ခုနှစ် ရွှေခါးပတ်ချန်ပီယံဖြစ်သူ တက်သစ်စလက်ဝှေ့ကျော် စစ်သွေးမှာ နိုင်ပွဲဆက်ရေးအတွက် ထိုးသတ်သလို ဒေါဂျစ်ကလည်း ရှုံးကြေးပြန်ဆပ်နိုင်ရန်အတွက် အတင်းလိုက်ဖိထိုးသည်။ ပထမအချီတွင် စစ်သွေး အသာရပြီး ၎င်း၏ ညာဖြောင့် လက်သီးကြောင့် ဒေါဂျစ်အမှတ်စဉ် ရေတွက်ခံရသည်။ ဒုတိယအချီမှစ၍ လက်ရည်အသာရလာသူက ဒေါဂျစ်ဖြစ်သည်။ စစ်သွေး ထိုးကွက် လုံးဝမရအောင် ပိတ်နိုင်ခဲ့သလို တန်ပြန်တိုက်စစ်မှာလည်း မြန်ဆန်လှသောကြောင့် စစ်သွေး ကြမ်းပြင်နှင့် မကြာခဏ မိတ်ဆက်နေရသည်။ တတိယအချီ ၁ မိနစ်ခန့်မှာပင် ဒေါဂျစ်၏ လက်သီးမိပြီး စစ်သွေး အနားတောင်းရသည်။ စစ်သွေးမှာ ယခင်ပွဲများကဲ့သို့ လက်စွမ်းပြနိုင်ခြင်း မရှိသလို ၎င်း၏ ထူးချွန်သည့် လေထဲတွင်ဝဲပြီးကန်သည့် ခြေကန်ချက်များကိုလည်း မတွေ့ခဲ့ရပေ။ အနားတောင်းပြီး ပြန်ထိုးသည့် စစ်သွေးမှာ လက်ရည်ပြန်တက်မလာဘဲ ဒေါဂျစ်ကသာ တရစပ်ဖိထိုးပြီး ၂ မိနစ် ၁၅ စက္ကန့်တွင် အလဲထိုးဖြင့် ဒေါဂျစ်က အနိုင်ယူသွားသည်။

ထပ်ဆင့် မြန်မာပြည်ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)နှင့် အသည်းကောင်း၍ ပွဲတောင်းလာသူ နယ်စပ်လက်ဝှေ့ကျော် ဝဏ္ဏ (မျိုးဇာနည်) တို့ ပွဲမှာ ယနေ့ပွဲ၏ အကောင်းဆုံးပွဲဖြစ်ခဲ့သလို ပရိသတ်အကြိုက် ပွဲတစ်ပွဲလည်းဖြစ်ခဲ့သည်။ ရန်ကုန် လက်ဝှေ့ပရိသတ်များမှာ ချန်ပီယံလုံးချောကို အားပေးကြသလို ရန်ကုန်ရိုးရာ လက်ဝှေ့လောကကို ခြေချလာသည့် ဝဏ္ဏကိုလည်း တစ်ခဲနက် အားပေးခဲ့ကြသည်။

ပထမအချီ အစတွင် လုံးချောက လက်သီးချက်ဖြင့် ပွဲကိုစဖွင့်ပြီး လက်၊ ဒူး၊ ခြေ ပညာစုံသုံးကာ ဝဏ္ဏကို ရင်ဆိုင်သည်။ လုံးချော၏ ဒူးတိုက်ချက်နှင့် ခြေကန်ချက်များမှာ ဝဏ္ဏကို အထိနာစေခဲ့သည်။ ဝဏ္ဏကလည်း ချန်ပီယံကို စိန်ခေါ်ထိုးသတ်သည်အထိပင် အသည်းမာသူဖြစ်ရာ လုံးချောကို ပညာစုံသုံးကာ ပြန်ရင်ဆိုင်သည်။ နှစ်ကြိမ်လောက်လုံးချောကို ကြမ်းပြင်ပေါ်ကျအောင်လုပ်နိုင်ခဲ့သည်။ ဒုတိယအချီတွင် ဝဏ္ဏအတင်းပြန်လိုက်ထိုးသည်။ ရန်ကုန်မြေတွင် ပထမဦးဆုံး ထိုးသတ်သည့် ပွဲဖြစ်သော်လည်း ဝဏ္ဏမှာ ရှိန်မနေဘဲ ခံနိုင်ရည်ကောင်းကောင်းနှင့် ဖွင့်ထိုးသည်။ ထို့ကြောင့် လုံးချော၏ ပတ်တံတောင်များ၊ လက်သီးများက ဝဏ္ဏမျက်နှာကို အကြိမ်ကြိမ် ထိမှန်ခဲ့သည်။ ဒုတိယအချီ ၁ မိနစ် ၃၆ စက္ကန့်တွင် လုံးချော၏ လက်သီးထိပြီး ဝဏ္ဏ အနားတောင်းရသည်။ သရေပွဲများနေသည့် လုံးချောမှာ နိုင်ပွဲပြန်ရရန်အတွက် ဝဏ္ဏကို အနားတောင်းအပြီး ပြန်အထိုးတွင် ပွဲသိမ်းနိုင်ရန် အတင်းလိုက်ဖိထိုးသည်။ ၁ မိနစ် ၄၅ စက္ကန့်တွင် မြန်မာပြည်ချန်ပီယံ လုံးချောက စိန်ခေါ်သူဝဏ္ဏကို အလဲထိုးဖြင့် အနိုင်ယူကာ သရေပွဲများဆက်နေမှုကို အဆုံးသတ်နိုင်ခဲ့သည်။

နိုင်ပွဲပြန်ရသွားသူ ထပ်ဆင့် မြန်မာပြည် ချန်ပီယံ လုံးချောက "ယနေ့ပွဲ အနိုင်ရရန် အထူးပြင်ဆင်ခဲ့ပါကြောင်း၊ သရေပွဲများ ဆက်တိုက်ဖြစ်နေမှုကို အဆုံးသတ်နိုင်ခဲ့၍လည်း ဝမ်းသာပါကြောင်း၊ ပြိုင်ဘက်ဝဏ္ဏမှာလည်းကစားသမားကောင်းဖြစ်၍ အမှားမခံဘဲ သေချာထိုးခဲ့ပါကြောင်း၊ ယခုပွဲတွင်လက်သီးနှင့် ခြေထောက်ကို အများဆုံး အသုံးပြုပြီး ထိုးခဲ့ပါကြောင်း၊ ယခင် မိမိအနေဖြင့် အနိုင်ရအောင် ထိုးသော်လည်း လက်ရည်မျှ၍ သရေပွဲများဖြစ်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် သရေပွဲများကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ လာမည့်ပွဲတိုင်းကိုလည်း အနိုင်ရအောင် ထိုးသတ်သွားမည် ဖြစ်ကြောင်း" ပြောကြားသွားသည်။

(ကြေးမုံ)

ပရိသတ်ကြိုက်သော စစ်သွေး (ဘိလပ်မြေစက်ရုံ)၏ ခြေကန်ချက်က ဒေါဂျစ် (လယ်/ဆည်)မျက်နှာသို့ ထိသွားစဉ်။

သတင်းနှင့် ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဇူလိုင် ၂၇

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ နေပြည်တော်တွင် ဝဒသမ ၄၀လက်မ၊ မော်လမြိုင်မြို့တွင် ၄ဒသမ၈၉လက်မ၊ မုဒုံမြို့တွင် ၂ဒသမ ၇၆လက်မ၊ ဘားအံမြို့တွင် ၂ဒသမ၄၄လက်မ၊ သိမ်ဇရပ်မြို့တွင် ၂ဒသမ ၃၆လက်မ၊ ပူတာအိုမြို့တွင် ၂ဒသမဝ၅လက်မ၊ သထုံမြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ဒသမ၈၉ လက်မစီ၊ ကလေးမြို့၊ ကန့်ဘလူမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၁ဒသမ၇၇လက်မစီ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။

ဇူလိုင် ၂၈ရက် ညနေထိ ခန့်မှန်းချက် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၂၈ ဒသမဝ ဒီဂရီစင်တီဂရိတ် (၈၂ ဒီဂရီဖာရင်ဟိုက်) ၂၆-၇-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၇၁ ဒီဂရီဖာရင်ဟိုက်) ၂၇-၇-၂၀၀၈

ဝ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၆ ရာခိုင်နှုန်း ၂၇-၇-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၆နာရီခန့် ၂၆-၇-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၇-၇-၂၀၀၈	၃၄မမ(၁. ၃၄လက်မ)	၁၂မမ(ဝ. ၄၇လက်မ)	၁၁မမ(ဝ. ၄၃လက်မ)
၁-၁-၂၀၀၈မှ	၁၅၀၇ မမ	၁၆၈၂ မမ	၁၉၉၇ မမ
ယနေ့အထိ	(၅၉. ၃၃လက်မ)	(၆၆. ၂၂လက်မ)	(၇၈. ၆၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၆-၇-၂၀၀၈ ရက် ၁၅း၃၀ နာရီတွင် အရှေ့မြောက်ဘက်မှ တစ်နာရီ ၇မိုင်နှုန်း တိုက်ခတ်သည်။

ပဲခူးတိုင်း ထန်းတပင်မြို့နယ်အတွင်း သောင်းကျန်းသူ အဖျက်သမားများထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၇

သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ပဲခူးတိုင်း ထန်းတပင်မြို့နယ် ကျောက်ကြီးပေါက်ကျေးရွာမှ ဦးအုန်းမောင်၏သား ကိုမြင့်ငွေ အသက် (၃၅)နှစ်သည် တောတွင်းသို့ ဝါးခုတ်ရန်သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ကိုမြင့်ငွေ၏ ညာဘက်ခြေထောက် ခြေကျင်းဝတ်ပြတ်ကာ မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✧ **ကျောဖုံးမှ**

ရရှိတတ်သည့် အပူလောင်ခြင်းကဲ့သို့သော မပျောက်ကင်းနိုင်သည့် ထိခိုက်ဒဏ်ရာများကို ပျောက်ကင်းစေနိုင်မည့် အကျိုးဖြစ်ထွန်းမှုတစ်ခုကို မိမိတို့အနေဖြင့် နောက်ဆုံးတွင်ရှာဖွေတွေ့ရှိခဲ့ကြောင်း အဆိုပါ လေ့လာတွေ့ရှိမှုအား ပထမဆုံးထုတ်ဖော်ပြောကြားသူ မင်န်နိုအော့တ်ဟော့ဖ်က ပြောကြားသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၇-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အကပဒေသာ
၇း၅၅ ၅။ **"ချစ်သောမြေ ချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ - ခင်နွဲ့နွဲ့မူ)**
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အတီးပြိုင်ပွဲ
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အကပြိုင်ပွဲ
၄း၃၀ ၄။ တေးဂီတအစီအစဉ် (မြန်မာအသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခြင်း)
၄း၄၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၅ ၈။ အဆိုပြိုင်ပွဲ
၅း၃၀ ၉။ မြန်မာစာမြန်မာစကား
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ အလှူရှာမယ် လှုကမ္ဘာဝယ်
၆း၅၅ ၁၄။ ပတ်ဝန်းကျင်တည့်ခိုင်မြဲရေးဒီရေတောများ ဝိုင်းဝန်းထိန်းသိမ်းပေး
၇း၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မာယာများနှင့်လှည့်ကွက်" (အပိုင်း-၁၅)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်စိတ်ကူးလေးကောင်းရဲ့သားနဲ့" (အပိုင်း-၁၅)**
၂၀။ အစီအစဉ်ပြီး၏။

အေသင်မြို့အနီးရှိ ဗီရာမာဆိပ်ကမ်း၌ ပနားမားမှတ်ပုံတင်ထားသော ဖရင်းရှစ်ဂတ် ရေနံတင်သင်္ဘောအား ပြုပြင်နေစဉ် ပေါက်ကွဲမှုဖြစ်ပွားရာ မီးသတ်ရေယာဉ်ဖြင့် မီးငြှိမ်းသတ်နေသည်ကို ဇူလိုင် ၁၄ ရက်ကတွေ့ရစဉ်။
(ယင်းပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် ရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသည်။)
(ဓာတ်ပုံ-အင်တာနက်)

အာဖရိကအရှေ့ပိုင်းဒေသသို့ ကူညီထောက်ပံ့မှုများ တိုးမြှင့်ရန်တိုက်တွန်း

လန်ဒန် ဇူလိုင် ၂၆

စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုများသည် အာဖရိကအရှေ့ပိုင်းဒေသရှိ လူသန်းပေါင်းများစွာတို့ကို ငတ်မွတ်ခေါင်းပါးသည့် အခြေအနေနှင့် ဆင်းရဲမွဲတေမှုများ ဖြစ်ပေါ်လာစေရန် တွန်းပို့လျက်ရှိကြောင်းနှင့် အဆိုပါ ဒေသများသို့ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအဖွဲ့၏ တိုက်တွန်းပြောကြားချက်ကို အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပြည်သူ ၁၃ သန်းတို့သည် လူသားချင်းစာနာထောက်ထားမှု အကူအညီများကို အရေးတကြီးလိုအပ်လျက်ရှိသည်ဟု ၎င်းအဖွဲ့ကပြောကြားသည်။

ကြုံတွေ့နေ

အီသီယိုးပီးယားနိုင်ငံ အက်ဖာဒေသနှင့်ဆိုမာလီယာနိုင်ငံများသို့ခရီးသွားရာမှ ပြန်လည်ရောက်ရှိလာသော ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးအဖွဲ့မှ ရော့ဘ်မက်စ်နယ်လ်က ပြောကြားရာတွင် အဆိုပါဒေသများ၌ ငတ်မွတ်ခေါင်းပါးမှုနှင့် ကြုံတွေ့နေရကြောင်း၊ မိုးခေါင်ပြီးရင်းမိုးခေါင်နေမှုတို့ကြောင့် လုံးလုံးလျားလျား ငတ်မွတ်မှု ဖြစ်ပေါ်နေကြောင်း၊ အချို့လမ်းများပေါ်တွင် မွေးမြူရေး တိရစ္ဆာန် အသေကောင်များ ပြန့်ကြဲနေသည်ကို တွေ့မြင်ခဲ့ရကြောင်း၊၎င်းတို့မှီခိုအားထားရာရေနှင့် စားကျက်များ ဆုံးရှုံးမှုများကြောင့် သေဆုံးရခြင်း ဖြစ်ဖွယ်ရှိကြောင်းနှင့် အဆိုပါ ဖြစ်စဉ်ကြောင့် ပြည်သူများအကြား အကြမ်းဖက်မှုများလည်း ပေါ်ပေါက်လာနိုင်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါ အကျပ်အတည်းပြဿနာများသည် အာဖရိကအရှေ့ပိုင်းတွင် ပိုမိုဆိုးရွားလာမည်ကို မိမိတို့အနေဖြင့် စိုးရိမ်ပူပန်လျက်ရှိသည်ဟု ၎င်းက ဆိုသည်။

ဆိုမာလီယာနိုင်ငံ အနေဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ကာ ၂၀၀၈ ခုနှစ် မေလအတွင်း တင်သွင်းသော ဆန်တန်ဖိုးသည် ရာခိုင်နှုန်း ၃၅၀ အထိ မြင့်တက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

မြို့တော်မနီလာရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လေဆိပ်အဆောင်သစ် ဖွင့်လှစ်

မနီလာ ဇူလိုင် ၂၆

ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာရှိ အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ၁၁ နှစ်ကြာ စီမံကိန်းရေးဆွဲ တည်ဆောက်ခဲ့ရသည့် လေဆိပ်အဆောင်သစ်ကြီးအား အင်္ဂါနေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း "ဆင်ဟွာ"သတင်းတွင် ဖော်ပြထားသည်။

လေယာဉ်ခရီးစဉ်များ မစတင်မီအချိန်၌ နီနွိုင်းအကွီနိုအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အဆိုပါနံပါတ် (၃) လေဆိပ်အဆောင်သစ်အား ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု ဖိလစ်ပိုင်သတင်းစာများက ရေးသားဖော်ပြခဲ့သည်။

နေ့စဉ်ပြေးဆွဲနေသည့် စီဘူး-ပစိဖိတ်လေကြောင်းလိုင်းအနေဖြင့် ပထမသီတင်းတစ်ပတ်အတွင်းမှာပင် ခရီးစဉ်သုံးခုမှ ရှစ်ခုသို့ တိုးလာဖွယ်ရှိကြောင်း လေဆိပ်ဆောင်လက်ထောက် အထွေထွေမန်နေဂျာ တီအာဆိုဆာရန်နိုက ပြောကြားသည်။

အဆိုပါလေဆိပ်ဆောင်ကို ၂၀၀၆ ခုနှစ်တွင် ဖိလစ်ပိုင် အပြည်ပြည်ဆိုင်ရာလေဆိပ်ဆောင် တည်ဆောက်ရေး ကုမ္ပဏီသို့ ပီဆိုသုံးဘီလီယံ (အမေရိကန်ဒေါ်လာ ၆၇ ဒသမ ၄ သန်း) ပေးဆောင်၍ အကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အိန္ဒိယ၌ ဗုံးပေါက်ကွဲမှု ၁၇နေရာဖြစ်ပွား သေဆုံးသူ ၄၅ဦးရှိပြီး ၁၆၂ဦးဒဏ်ရာရရှိ

အမီဒါဘတ် ဇူလိုင် ၂၇

အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့တွင် ဇူလိုင်၂၆ရက်တစ်ရက်တည်း မိနစ်၇၀ အတွင်း ဗုံးပေါက်ကွဲမှု အနည်းဆုံး ၁၇နေရာ၌ ဖြစ်ပွားခဲ့ရာ နောက်ဆုံးသတင်းအရ သေဆုံးသူ ၄၅ဦးထိ ရှိလာပြီး ဒဏ်ရာရရှိသူ ၁၆၂ဦးဖြစ်ကြောင်း အိန္ဒိယသတင်းဌာနယူဘီအိုင်ကဖော်ပြခဲ့သည်။ အဆိုပါပေါက်ကွဲမှုများမှာ အမီဒါဘတ်မြို့ရှိ လူစည်ကားရာဈေး၊ ရထားဘူတာရုံနှင့် ဘတ်စ်ကားဂိတ်များ၌ ဖြစ်ပွားခဲ့သည်။

ယင်းတိုက်ခိုက်မှုများသည် အိန္ဒိယမူဂျာဟီဒင်အဖွဲ့က ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အိန္ဒိယ ရုပ်မြင်သံကြားများမှတစ်ဆင့် အခိုင်အမာပြောဆိုခဲ့သည်။ ဇူလိုင် ၂၇ရက်က အမီဒါဘတ်မြို့တွင် ပေါက်ကွဲမှုမရှိသေးသည့် ဗုံးအနည်းဆုံးသုံးခုကို ဗုံးရှင်းလင်းရေးအဖွဲ့က ဖယ်ရှားခဲ့သည်။

အင်တာနက်။

ဇူလိုင် ၂၆ ရက်က အိန္ဒိယနိုင်ငံ အမီဒါဘတ်မြို့တွင် ဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးအချို့ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နိုင်ဂျီးရီးယားတွင် ရေနံအလုပ်သမားရှစ်ဦး ပြန်ပေးဆွဲခံရ

ပို့ဟာကုတ်(နိုင်ဂျီးရီးယား) ဇူလိုင် ၂၆

နိုင်ဂျီးရီးယားနိုင်ငံ ရေနံထုတ်လုပ်သော နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသတွင် ရေနံအလုပ်သမားရှစ်ဦးကို သေနတ်သမားများက လွန်ခဲ့သော ၂၄ နာရီက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း လုံခြုံရေးဆိုင်ရာ သတင်းရပ်ကွက်က သောကြာနေ့တွင် ပြောကြားသည်။

ဘွန်နီကျွန်းအလွန်တွင် သင်္ဘောတစ်စင်းပေါ်မှ ရုရှားနိုင်ငံသား ၁၁ ဦးနှင့် ယူကရိန်းနိုင်ငံသားတစ်ဦးကို ဖမ်းဆီးသွားပြီး ငါးဦးကို ဆက်လက်ဖမ်းထား၍ ကျန်လူများကို ပြန်လွှတ်ပေးလိုက်ကြောင်း မြစ်ဝကျွန်းပေါ်ဒေသ ထိပ်တန်းလုံခြုံရေး အကြီးအကဲတစ်ဦးထံမှ သိရသည်။

ပို့ဟာကုတ် အချက်အချာဒေသ အဓိကရေနံတူးဖော်ရာ နေရာတွင် ဖိလစ်ပိုင်နှင့် နိုင်ဂျီးရီးယား ရေနံအင်ဂျင်နီယာ နှစ်ဦးကို တင်ဒါဇင်ကျော်ရှိ လူများက မော်တော်ဘုတ်တစ်စင်းဖြင့်လာရောက်ပြန်ပေးဆွဲသွားကြသည်။

နောက်ထပ် ဖိလစ်ပိုင်လူမျိုးတစ်ဦးမှာ ဈေးဝယ်ထွက်စဉ် ဖမ်းဆီးခြင်းခံလိုက်ရသည်။ ပြန်ပေးဆွဲသူများက ဆက်သွယ်မှု တစ်စုံတစ်ရာမျှ ပြုလုပ်လာခြင်း မရှိကြောင်း လုံခြုံရေးသတင်းဌာနများမှ သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ဒိန်းမတ်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး သုံးဦးဒဏ်ရာရရှိ

ကိုပင်ဟေဂင် ဇူလိုင် ၂၆

အာဖဂန်နစ္စတန်တွင် ဒိန်းမတ်တင့်ကားတစ်စီးသည် မိုင်းတစ်လုံးသို့မဟုတ် လက်လုပ်ဖောက်ခွဲရေးပစ္စည်းတစ်ခု (အိုင်အီးဒီ)ကို နင်းမိပေါက်ကွဲ၍တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားပြီး အခြားတပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိကြောင်း ဒိန်းမတ်ကြည်းတပ်မှ ပြောကြားသည်။

အဆိုပါ ဒိန်းမတ်တင့်ကားသည် သူပုန်များ၏ ဝိုင်းဝန်းပစ်ခတ်ခြင်းခံနေရသော အာဖဂန်တပ်ဖွဲ့ဝင်များ၊ ဗြိတိသျှနှင့် အမေရိကန် အကြံပေးများကို ကူညီရန်အသွားတွင် မိုင်းနင်းမိခြင်းဖြစ်သည်။

အာဖဂန်နစ္စတန်တွင် ဒိန်းမတ်တိုက်ခိုက်ရေး တပ်ဖွဲ့ဝင် ၅၅၀ ရှိသည်။ ယခုအချိန်ထိ ၁၁ ဦး သေဆုံးပြီး၊ သုံးဦးမှာ ဗုံးတစ်လုံးကို ဖယ်ရှားရန် ကြိုးစားစဉ် သေဆုံးခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ် ဆရင်နာဂါမြို့တွင် လက်ပစ်ဗုံးဖြင့်တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ဒဏ်ရာရသွားသူတစ်ဦး၏ မိသားစုဝင်တစ်ဦးအား ဝိုင်းဝန်းခေါ်ဆောင်လာသည်ကို ဇူလိုင် ၂၄ ရက်က တွေ့ရစဉ်။ *(ယင်းဗုံးပေါက်ကွဲမှုကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီး တစ်ဦး အပါအဝင် လူငါးဦးသေဆုံးခဲ့သည်။)* *(ဓာတ်ပုံ-အင်တာနက်)*

ကနေဒါရဲက တေဆာသေနတ်ဖြင့်ပစ်ဖမ်း၍ လူငယ်တစ်ဦးသေဆုံး

ဗန်ကူးဗား ဇူလိုင် ၂၆

ကနေဒါနိုင်ငံတွင် ဓားကိုင် လူငယ်တစ်ဦးအား ရဲတပ်ဖွဲ့ဝင်တစ်ဦးက တေဆာလျှပ်စစ်သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာမှ သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း တာဝန်ရှိသူများက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အင်္ဂါနေ့က အသက် ၁၇ နှစ်အရွယ်ရှိလူငယ်သည် ရဲတပ်ဖွဲ့ဝင်များက ဓားကို လွှတ်ချရန် ပြောသော်လည်း မနာခံဘဲ ထွက်ပြေးရန် ကြိုးစားခဲ့ခြင်းကြောင့် တေဆာသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ကရူလင်းန်ချာပက်က ပြောကြား သည်။

အမည်ဖော်ပြခြင်း မရှိသော အဆိုပါ လူငယ်သည် ကားဆီသို့ ထွက်ပြေးပြီးနောက် ရဲတပ်ဖွဲ့ဝင်များအား တိုက်ခိုက်ရန် ကြိုးစားခဲ့ကြောင်း ချာပက်ကပြောသည်။ သို့ရာတွင် အဆိုပါလူငယ်အား အချိန်မည်မျှကြာကြာ ပစ်ခတ်ဖမ်းဆီးခဲ့သည်ကိုမူ ထုတ်ဖော်ပြောကြားခြင်း မပြုပေ။လွန်ခဲ့သည့် လေးနှစ်အတွင်းကလည်းအဆိုပါသေနတ်ဖြင့်ပစ်ခတ်ခံရသဖြင့် လူ ၁၂ ဦးထက် မနည်းသေဆုံးခဲ့ရသည်။ ***အင်တာနက်။***

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ်

နယူးဟမ်ရှိုင်းယား ဇူလိုင် ၂၆

အမေရိကန်နိုင်ငံနယူးဟမ်ရှိုင်းယားဒေသတွင် ဇူလိုင် ၂၆ ရက်က လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် သေကျေဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့ပြီး နေအိမ်များ ပျက်စီးခဲ့ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

တစ်နာရီလျှင် ၉၅ မိုင်နှုန်း တိုက်ခတ်သည့် လေဆင်နှာမောင်းကြောင့် တစ်ဦးသေဆုံးပြီး ၁၂ဦးဒဏ်ရာရရှိကာ နေအိမ် ၁၀၀ ခန့်ပျက်စီးခဲ့ကြောင်း၊ နယူးဟမ်ရှိုင်းယား ဒေသတွင် ဓာတ်တိုင်များပြိုလဲပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း သိရသည်။

အင်တာနက်။

ရွှေရတုမင်္ဂလာဆုတောင်း

ကျေးဇူးကြီးမားလှပါသော ချစ်ဖေဖေ ဦးခင်မောင်အေး တရားရုံးချုပ်တရားသူကြီး(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ခင်နီ အထက်တန်းပြဆရာမ(ငြိမ်း) တို့၏ (၂၈-၇-၂၀၀၈)နေ့တွင်ကျရောက်သော နှစ်ငါးဆယ်ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက် - - - -

ချစ်သားကြီး - Dr.ဇေယျအေး (MTM Shipping)+ Dr.ရတနာကျော်(Senior Consultant၊စံပြဆေးရုံကြီး)
ချစ်သမီးကြီး - ဒေါ်မာမာအေး (လ/ထ ညွှန်/မှူး(ငြိမ်း)+ ဒုတိယဗိုလ်မှူးကြီးကျော်ငြိမ်း(ငြိမ်း) (ညွှန်/မှူး) လျှပ်စစ်(၂)
ချစ်သမီးလတ် - ဒေါ်သန်းသန်းစိန်အေး
ချစ်သမီးထွေး - ဒေါ်ဝင့်ရည်အေး+ဦးခင်မောင်အေး(ဥက္ကဋ္ဌ CB Bank)
ချစ်မြေးများ - ဟိန်းနိုင်ဦး (ခေတ္တ UK)၊ ကောင်းထက်ထွန်း (Y.I.S)၊ ဝင့်ဝါကျော် (BEHS-၂၊ကမာရွတ်)၊ ရိုးမြတ်(BEHS-၂၊ ဗဟန်း)၊ အောင်မြတ်ဆက် (Y.I.S)၊ ကောင်းဆက်ထူး

တက္ကသိုလ်ဝင်တန်းအောင်ပြီး စီးပွားရေးနှင့်အိုင်တီပညာသင်ကြားလိုသူများအတွက်

- စီးပွားရေးပညာ၊ အိုင်တီ၊ ဟိုတယ်နှင့်ခရီးသွားစီမံခန့်ခွဲရေးပညာများ အကြောင်း ကျွမ်းကျင်သူများက အောက်ပါ အစီအစဉ်အတိုင်း ဆွေးနွေးဟောပြောပွဲနှင့် အင်္ဂလိပ်စာ အရည်အချင်းစစ်စာမေးပွဲများကို ကျင်းပပေးပါမည်။
- ပြည်ပတွင်လည်း မည်သည့်နိုင်ငံတွင်သင်ကြားသင့်သနည်း ဆွေးနွေးပေးမည်။

စိတ်ဝင်စားသူများ ဖုန်းဖြင့်ကြိုတင်စာရင်းသွင်း၍ တက်ရောက်နိုင်ပါသည်

	FREE SEMINAR		ENGLISH PLACEMENT TEST
	၃ - ၈ - ၂၀၀၈	နေ့စွဲ.	၅ - ၈ - ၂၀၀၈
	၁၀း၀၀ မှ ၁၂း၀၀	အချိန်	၁၀း၀၀ မှ ၁၂း၀၀
	MIEC Convention Hall	နေရာ	MIEC Convention Hall

MIEC - PMC Group

၁၂-၀၁၊ အိုလံပစ်တာဝါ၊ ဗိုလ်အောင်ကျော်လမ်း၊ ၃၉၂၆၁၉၊ ၂၅၆၆၀၂

မိတ်ဟောင်းမိတ်သစ်များခင်ဗျာ . . .

ပြည်လမ်းနှင့် ဦးဝိစာရလမ်းကြား၊ မြေနုလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်ရှိ **ရွှေလီ**အသားကင်ဆိုင်ကို ပြည်လမ်းနှင့် နာနတ်တောလမ်း(မီးပွိုင့်)ထောင့် ကမာရွတ်မြို့နယ်သို့ ၂၀၀၈ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့တွင် ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပြီး ပြောင်းရွှေ့ဖွင့်လှစ်သည့် ၁-၈-၂၀၀၈ရက်နေ့မှ ၁၅-၈-၂၀၀၈ရက်နေ့အထိ **20% Discount** ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ထာဝရကျေးဇူးတင်လျက်

ရွှေလီအသားကင်ဆိုင်မိသားစု
Ph- 535394, 536898

အဖြစ်မှန်ကိုသိလိုသူတိုင်းအတွက်

THE ACTION TIMES

ဂျာနယ် အမှတ်(၂၉)

- ထိုင်းနိုင်ငံသို့ လူကုန်ကူးခံရသော မြန်မာကလေးငယ်မီနာ ပြန်လည်လွတ်မြောက်လာ
- ကမ္ဘာ့အဆင့်မီဂေါက်ကွင်းသစ် နှစ်သစ်ဖေဖော်ဝါရီတွင်ဖွင့်မည်
- နစ်မြုပ်ရေယာဉ်များဖော်ယူရန် တရုတ်လေအိတ်များစတင် အသုံးပြု
- ကျပ်သိန်း ၁၅၀၀ ကျော်၊ ခိုးမှုပေါင်း ၃၀ ကျူးလွန်သူ သက်ကြီးဖောက်ထွင်းဝိဇ္ဇာဖမ်းဆီးရမိ
- ချင်းပြည်နယ်နှင့်နာဂစ်ဒဏ်ခံဒေသများ ကြွက်အန္တရာယ်သတိထားနေရ
- အလုပ်သမားအခွင့်အရေးချိုးနှိမ်မှုအတွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မျက်နှာစုံညီစစ်ဆေးညှိနှိုင်းပေး
- အသက် ၁၀၀၊ အနာဂတ်တွင် ကိုယ်ဝန်ဆောင်နိုင်တော့မည်
- အသက် ၉၀ ပြည့်မွေးနေ့တွင် မင်ဒဲလားက ကမ္ဘာ့ဆင်းရဲသားများအတွက် ကူညီပြောဆို
- အမေရိကန်က အီရန်နှင့် သံတမန်အဆက်အသွယ်ပြန်လည်ထူထောင်ဖွယ်ရှိ

အပတ်စဉ်တနင်္လာနေ့တိုင်းထွက်ပြီ။

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄ ခုနှစ်တွင် တည်ထောင်သည်)

(၂)နှစ်ခွဲမှစ၍ လက်ခံသည်။
ကျောင်းကားရှိသည်။

မြေနီကုန်း၊ စမ်းချောင်း၊ ဗဟန်း၊ ရွှေဂုံတိုင်၊ သာကေတ၊ ဒေါပုံ သို့သန့်ကျောင်းကားများ စီစဉ်ထားသည်။

ကျောင်းခွဲ (၂) - ဂန္ဓမာ (၅) လမ်း။ ယုဇနပလာဇာအနောက်ဘက် လုံးချင်းအိမ်ရာ ။
☎ - ၂၀၀၉၁၇ ၊ ၀၉-၅၁၂၆၈၈၂
ကျောင်းခွဲ (၃) - အနော်ရထာလမ်း။ ရန်ကင်း ကျောက်ကုန်း ။
☎ - ၅၆၆၅၉၂ ၊ ၀၉-၅၀၁၁၁၂၄

အမည်ပြောင်းခြင်း

အဖ ဦးအောင်ဆွေဦး[၁၂/ကမတ(နိုင်)၀၃၉၅၂၂]၏သမီး (အထက-၁၊ ကြည့်မြင်တိုင်၊ ဒသမတန်း-က) မှ မမျိုးသဥ္ဇာအောင်အား မသက်သက်စံ ဟုပြောင်းလဲခေါ်ပါရန်။**မသက်သက်စံ**

သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

တွံတေးမြို့ ကျွန်းတောရပ်ကွက် တနင်္ဂနွေ ဆွမ်းလောင်းအသင်း၏ (၄၉)ကြိမ်မြောက်ဝါတွင်းကာလအရုဏ်ဆွမ်းလောင်းလှူပွဲကို ဇူလိုင် ၂၀ ရက်တွင် ကျွန်းသာယာ ဓမ္မာရုံ၌ကျင်းပရာ အလှူရှင် ဦးစိန်မောင် - ဒေါ်စန်းစန်းအေး (ဝိုင်ဝိုင်းမိသားစု) နှင့် ရပ်ကွက်စေတနာရှင်ပြည်သူများက သံဃာတော်နှင့် သီလရှင် အပါး ၁၂၀၀ကျော်တို့အား အရုဏ်ဆွမ်းလောင်းလှူကြစဉ်။
(ပြန်/ဆက်)

ဒေါ်ခင်နွဲ့ကြူ

M.E . Mechanical (Y.T.U) (ကထိက၊ ငြိမ်း)
နည်းပညာတက္ကသိုလ် (G . T . C)
ဝင်ခွင့် သင်တန်းများ စတင်လက်ခံပြီ။

အမှတ် (၂၃၈) ၊ (၇ လွှာ) ၊ ပြည်လမ်း ၊ Sanyo ကြွေပြားအပေါ်ထပ်၊ မြေနီကုန်း ၊ စမ်းချောင်း ။ ဖုန်း - ၀၉၅၁၃၇၂၈၂၉၊ ၅၀၃၃၉၆၆

ဗဟန်းမြို့နယ်ရွှေတောင်ကြား (၂)ရပ်ကွက်မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းတော်ကြီး အတွက် ဒုတိယဗိုလ်မှူးကြီး ထွန်းလွင်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်မြမြစိန်၊ သား Capt ဗညားလွင်-ဒေါ်လှိုင်မော်ဦး၊ သမီး-ဦးညဏ်လင်း-ဒေါ်ယုယုလွင်မိသားစုတို့ကတတိယအကြိမ် ငွေကျပ်သုံးသိန်းကို ဆရာတော်မိုးညှင်းအရှင်ကောန္ဒကထံ လှူဒါန်းစဉ်။ (က-ပ)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Office Manager Male (2)Post
- ဘွဲ့ရ ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲနိုင်သူ အသက်(၄၀)အထက် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိသူ ဖြစ်ရမည်၊

၂။ Civil Engineer Male (3)Post
B.E (Civil) A.G.T.I (Civil)
- ဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိသူ ဖြစ်ရမည်၊

၃။ Show Room Manager Female (1)Post
B.E (Civil) A.G.T.I (Civil)
- ဘွဲ့ရ ရုပ်ရည်အသင့်အတင့်၊ ဆက်ဆံရေးကောင်းမွန်၍ လုပ်ငန်းဦးဆောင်ခန့်ခွဲနိုင်သူ အတွေ့အကြုံ (၅)နှစ်ရှိသူ ဖြစ်ရမည်၊

၄။ Show Room Staff Female (2)Post
- ဆယ်တန်းအောင်၊ ရုပ်ရည်အသင့်အတင့်၊ ဆက်ဆံရေးကောင်းမွန်၍ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိသူ ဖြစ်ရမည်၊

၅။ Marketing Manager Male/Female (1)Post
- ဘွဲ့ရ ရုပ်ရည်အသင့်အတင့်၊ အပြောအဆိုသွက်လက်၍ ဈေးကွက်ရှာဖွေနိုင်သူ ဖြစ်ပြီး လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိသူ ဖြစ်ရမည်၊

၆။ Marketing Staff Male/Female (6)Post
- ဆယ်တန်းအောင်၊ ရုပ်ရည်အသင့်အတင့်၊ အပြောအဆိုသွက်လက်၍ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိသူ ဖြစ်ရမည်၊

လျှောက်ထားလိုသူများအားလုံးသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းအထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပတ်စပို့ဓာတ်ပုံ(၁)ပုံ၊ ရဲစခန်းထောက်ခံစာမိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်၊

Golden Midas Construction and Industry Co.,Ltd.
အမှတ်(၁)၊ ကန်သာယာလမ်းသွယ်(၃)၊ ငွေကြာယံရိပ်သာ၊ ပါရမီလမ်းနှင့် ဝေဇယန္တာလမ်းမကြီးထောင့် တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၅၇၈၀၁၉၊ ၇၂၆၇၈၈

ပဋ္ဌာန်စွသမုဟ္ဟာဒ် အထူးသင်တန်းပို့ချမည်

ရန်ကုန် ဇူလိုင် ၂၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ ပြည်တွင်း၊ ပြည်ပသာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယကနှင့် ကမ္မဋ္ဌာနာစရိယ အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ) ကိုယ်တိုင် ပဋ္ဌာန်စွသမုပ္ပာဒ် အထူးသင်တန်းကို အခြေခံမှစ၍ ပို့ချပေးမည်ဖြစ်ရာ ဓမ္မကထိကဖြစ်လိုသော သံဃာတော်များနှင့် ယောဂီများသည် ဝါခေါင်လဆန်း ၁ ရက်မှ ၅ ရက် (ဩဂုတ် ၂ ရက်မှ ၆ ရက်)၊ ဝါခေါင်လပြည့်ကျော် ၁ ရက်မှ ၄ ရက် (ဩဂုတ် ၁၇ ရက်မှ ၂၀ ရက်)၊ တော်သလင်းလဆန်း ၁ ရက်မှ ၅ ရက် (ဩဂုတ် ၃၁ရက်မှ စက်တင်ဘာ ၄ရက်)၊ တော်သလင်းလပြည့်ကျော် ၁ ရက်မှ ၅ ရက်(စက်တင်ဘာ ၁၅ ရက်မှ ၁၉ ရက်)၊ သီတင်းကျွတ်လဆန်း ၁ရက်မှ ၅ ရက် (စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၄ ရက်) များတွင် မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ တက်ရောက်သင်ကြားနိုင်သည်။

သင်တန်းဆင်း သံဃာတော်များအား အောက်တိုဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ဓမ္မသဘင်ခန်းမကြီး၌ အခမ်းအနားဖြင့် သင်တန်းဆင်းလက်မှတ် ချီးမြှင့်မည်ဖြစ်ရာ အသေးစိတ် သိရှိလိုပါက ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂ နှင့် ၀၉-၈၀-၃၁၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။
(က-ပ)

ရန်ကုန်တိုင်း ဒေါပုံ မြို့နယ် နွယ်အေး ရပ်ကွက် နွယ်နီလမ်းကိုယ့်အား ကိုယ်ကိုး ကွန်ကရစ် လမ်း ဖွင့်ပွဲ အခမ်းအနားကိုဇူလိုင် ၂၇ ရက် က အဆိုပါလမ်း မုခ်ဦး ရှေ့၌ ကျင်း ပ ရာ မြို့နယ် အေးချမ်း သာယာ

ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးနိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထွန်းလှိုင်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ငွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏အမှုသည် မောင်ကျော်ဇောလွင် [၁၂/သလန(နိုင်)၀၈၃၀၁၇]နှင့် မသန်းသန်းရီ [၁၂/သဃက(နိုင်)၁၁၉၂၇၆]တို့သည် ပဲခူးခရိုင်တရားရုံး ခရိုင်ဦးစီးမှူးရှေ့မှောက်၌ ၅-၁၁-၂၀၀၇ ရက်နေ့တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားပြီးဖြစ်ပါ၍ မသန်းသန်းရီသည် မောင်ကျော်ဇောလွင်၏ တရားဝင်ဇနီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိုးမိုးတင့် (အထက်တန်းရှေ့နေ) စဉ်-၂၁၄၈၉

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

✳ ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက်ရှိကြသည်။

✳ လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ **မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်**

☆ **BBC ညာနေသည်**

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ **အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား**

လေဘေးသင့်ဒေသ ရွှေ့တန်းစခန်း (၁၂)ခု၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၇

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် လေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသ၌ ရွှေ့တန်းစခန်း(၁၂)ခုဖွင့်လှစ်ကာ ဆရာဝန်များ၊သူနာပြုများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

လေဘေးသင့်ဒေသဖြစ်သည့် စက်ဆန်း၊ ကြိမ်ချောင်း၊လှိုင်းဘုန်း၊ ပြင်စလူ၊ ကွင်းပေါက်၊ သဃ်န်းကြီး၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ ပိုးလောင်း၊ ပြင်ခရိုင်၊ ကဒုံကနိ၊ ကျုံဒါးဒေသတို့၌ ရွှေ့တန်းစခန်း ဆေးခန်းများ ဖွင့်လှစ် ကုသပေးလျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်ချက်အရ ပြင်ပလူနာ ၄၇၁ ဦးတို့အား ကျန်းမာရေး စမ်းသပ်စစ်ဆေးကုသပေးခြင်းအပြင် ပြင်ခရိုင်ဆေးရုံ၌ လူနာ ၁၀ ဦး၊ ကဒုံကနိဆေးရုံ၌ လူနာ ၁၉ ဦးတို့အား အတွင်းလူနာအဖြစ် ကုသပေးလျက်ရှိသည်။

ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို လှိုင်းဘုန်း၊ ပြင်စလူ၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ ပိုးလောင်း၊ ကဒုံကနိ၊ကျုံဒါးစခန်းဒေသများ၌ (၃၁)ကြိမ်ဆောင်ရွက်ခဲ့၍ လူဦးရေ ၃၃၃ ဦးတို့အား ပညာပေးဆွေးနွေးနှစ်သိမ့်အားပေးမှု ဆောင်ရွက်ခဲ့ပြီး လူနေအိမ် ၇၁ အိမ်၌ သောက်သုံးရေများတွင် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

လေဘေးသင့်ပြီးချိန်မှစ၍ ယင်လုံအိမ်သာအသစ်ဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ရွှေ့တန်းစခန်း (၁၂) ခုရှိ ကျေးရွာများ၌ ယင်လုံအိမ်သာပေါင်း ၁၁၉၄ လုံး ဆောက်လုပ်သုံးစွဲလျက်ရှိနေပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ၏တံတွေးသည် ဒဏ်ရာများကိုလျင်မြန်စွာ ပျောက်ကင်းစေနိုင်

ဝါရှင်တန် ဇူလိုင် ၂၆

လူ၏တံတွေးသည် ဒဏ်ရာများကို လျင်မြန်စွာ ပျောက်ကင်းစေနိုင်သော ဓာတုဒြပ်ပေါင်းများ ပါဝင်သည်ဟု နယ်သာလန်နိုင်ငံမှ ရောဂါရှာဖွေလေ့လာရေးအဖွဲ့ကလေ့လာတွေ့ရှိခဲ့ကြောင်းအမေရိကန်နိုင်ငံဇီဝဗေဒဆိုင်ရာ စမ်းသပ်လေ့လာရေးအဖွဲ့အစည်း (အက်ဖ်အေအက်စ်အီးဘီ)ကထုတ်ဝေသည့် ဂျာနယ်တစ်စောင်တွင်ဗုဒ္ဓဟူးနေ့က ရေးသားဖော်ပြခဲ့သည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ပရိုတင်းဓာတ် အနည်းငယ်ပါဝင်သည့် လူတို့၏မူပိုင်ပစ္စည်းဖြစ်သည့် တံတွေးသည်ဘက်တီးရီးယားပိုးမွှားများကို သေကျေပျက်စီးစေပြီး ဒဏ်ရာများကို ပျောက်ကင်းစေနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ကြသည်။

အဆိုပါလေ့လာမှုအရ တံတွေးသည် နာတာရှည်ရောဂါဖြစ်သည့် ဆီးချိုရောဂါနှင့် အခြားအစာမကြေရောဂါ ခံစားနေရသူများ အပါအဝင် ထိခိုက်ဒဏ်ရာရခြင်းနှင့် အပူလောင်ခြင်းကြောင့်ဖြစ်သော ဒဏ်ရာ ဒဏ်ချက်များကို ပျောက်ကင်းစေနိုင်သည့်အပြင် ၎င်းတွင် ပါဝင်သည့် ဒြပ်ပေါင်းများသည် အရက်ကြောင့် ဖြစ်ပေါ်ခံစားရသည့် ဝေဒနာများနှင့် အခြားရောဂါများကိုပါ ပျောက်ကင်းစေနိုင်မည့် အကောင်းဆုံး ပဋိဇီဝပစ္စည်းအဖြစ် အသုံးဝင်လာနိုင်ကြောင်း ယူဆရသည်။

လူအများခံစားရသည့် ခြေထောက်တွင်ဖြစ်ပေါ်တတ်သော ဒဏ်ရာများနှင့် ဆီးချိုဝေဒနာရှင်များခံစား **စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ✧

စာမျက်နှာ ၁၁ ကော်လံ ၅ သို့

ကြေးမုံ The Mirror ယနေ့ဆောင်းပါးအညွှန်း

"မူလကတည်းက စိတ်ဓာတ်အားမာန်၊ လုပ်အားအားမာန်တွေ နီးကြားထက်သန်နေတဲ့ လေဘေးသင့် လယ်ယာလုပ်သားကြီးတွေအတွက် နိုင်ငံတော်နဲ့ ပြည်တွင်းပြည်ပ အလှူရှင်များရဲ့ လှူဒါန်းကူညီပံ့ပိုးမှုများက အများကြီး အထောက်အကူဖြစ်စေခဲ့။"

ကျော်ရဲမင်း၏

"လက်ရုံးများမြောင် ဉာဏ်များမြောင်ဖြင့်(၂)"

(ဆောင်းပါး) စာမျက်နှာ-၇၊၉

မြန်မာပြည် ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)က စိန်ခေါ်သူ ဝဏ္ဏ (မျိုးဇာနည်)အား အလဲထိုးလိုက်စဉ်။ (သတင်း-၁၁) (စိုးညွန့်-ကြေးမုံ)